ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်၊ စနေနေ့။ Saturday, 30 July 2022 ၁၀၈၁၂

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မိမိတို့၏ နိုင်ငံရေးဦးတည်ချက်တွင် နိုင်ငံရေးထွက်ပေါက်များပေးထားပြီး အဆိုပါနိုင်ငံရေးထွက်ပေါက်များကို အသုံးချ၍ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန်လို

## ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ရမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇူလိုင် ၂၉

**ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၂)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ တက်ရောက်ကြသည်။

**နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံရေးနှင့်ပတ်သက်ပြီး မိမိတို့တာဝန်စတင်ယူချိန်မှစ၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ် ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များတွင် နိုင်ငံရေးအရ ရည်မှန်းချက်ပန်းတိုင်သည် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးပင်ဖြစ်ကြောင်း။

ဒီမိုကရေစီစနစ်တွင် သဘောထားကွဲလွဲပိုင်ခွင့်များ ရှိကြောင်း၊ ဒီမိုကရေစီစနစ်ကျင့်သုံးသည့် နိုင်ငံတိုင်းတွင် နိုင်ငံရေးအယူအဆကွဲပြားစွာဖြင့် ဆောင်ရွက်နေသည့် ပါတီများ၊ တစ်ပါတီတည်းဖြစ်သော်လည်း သဘောထားကွဲလွဲမှုရှိသည့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆

ယနေ့ ဖတ်စရာ

**တရားမှုနှင့် မတရားမှု၊ ဓမ္မနဲ့ အဓမ္မ ခွဲခြားနားလည်ကြဖို့ရာ**

ဆောင်းပါး
စာမျက်နှာ » ၆

**တရုတ်နိုင်ငံ၏ ဝယ်လိုအား ကောင်းမွန်မှုကြောင့် ကြောင်ပန်းစေ့များ ဈေးမြင့်တက်ကာ အရောင်းသွက်**

စာမျက်နှာ » ၁၆

ဆင်ဖြူကျွန်းအောင်သိန်း၏ ဝတ္ထုတို

**ဒဏ်**

စာမျက်နှာ » ၁၉

**ဓာတ်ခွဲနမူနာ စုစုပေါင်း ၇၄၃၂ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၄ ဦး တွေ့ရှိ**

စာမျက်နှာ » ၂၂

ကြေးမုံ

# သဘာဝဘေးအရေးပေါ်တုံ့ပြန်ရေး အမြဲတစေကြိုတင်ပြင်ဆင်

မျက်မှောက်ကာလတွင် ကမ္ဘာပေါ်ရှိဒေသများတွင် သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့နှင့် ကြုံတွေ့နေရသည်ကို တွေ့ရသည်။ အေးသောနိုင်ငံများတွင် အပူလှိုင်းဖြတ်ခြင်း၊ ပူသောနိုင်ငံများတွင် အအေးလှိုင်းဖြတ်ခြင်း၊ ကုန်းတွင်းမိုးနည်းသောဒေသများတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်း၊ လေပြင်းတိုက်ခြင်း၊ မုန်တိုင်းဖြစ်ခြင်း၊ တောမီးလောင်ခြင်း၊ ငလျင်လှုပ်ခြင်းစသည့် သဘာဝဘေး အမျိုးမျိုးတို့ဖြစ်ပေါ်နေသဖြင့် အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများနှင့် ကြုံတွေ့နေရသည်။

ကမ္ဘာကြီးသည် စတင်ဖြစ်တည်လာချိန်မှစ၍ သတ္တဝါများ အသက်ရှင်သန်နေထိုင် ဖွံ့ဖြိုးလာရေးအတွက် ဖြစ်ပေါ်လာခဲ့သည်။ ယခုအခါ ကမ္ဘာကြီးတွင် သက်ရှိများရှင်သန်ရပ်တည်နေထိုင်နိုင်ရေးကို အန္တရာယ်ပြုလာသည့် ဖောက်လွဲဖောက်ပြန်ဖြစ်စဉ်များဖြစ်ပေါ်လာသည်။ ယင်းသို့ ဖောက်လွဲဖောက်ပြန်ဖြစ်လာအောင် လူတို့က ဖန်တီးနေခြင်းဖြစ်သည်။ လူတို့၏ အတောမသတ်နိုင်သော လောဘများကြောင့် သဘာဝပတ်ဝန်းကျင် ဆိုးရွားပျက်စီးမှုများ တစ်စတစ်စများပြားလာရာ ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများဖြစ်ပေါ်လာပြီး သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့ကို သက်ရှိသတ္တဝါအားလုံး ရင်ဆိုင်ကြုံတွေ့လာကြရသည်။

ထို့ကြောင့် ကမ္ဘာတစ်ဝန်းတွင် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်မှုလျော့ပါးရေးကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြသည်။ သဘာဝဘေးအန္တရာယ်ကို ကာကွယ်ကြရာ၌ ပြည်သူလူထုအား အသိပညာပေးရေးသည် အဓိကကျသဖြင့် နှစ်စဉ်နှစ်တိုင်း အောက်တိုဘာလ ၁၃ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပကြပြီး အသိပညာပေးလျက်ရှိသည်။

ကမ္ဘာတွင် ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသော သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝကို ပညာရှင်များက မျက်ခြည်မပြတ်လေ့လာနေကြပြီး မြန်မာနိုင်ငံတွင်လည်း ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ရာသီအလိုက်၊ ဒေသအလိုက်ခန့်မှန်းပြီး နိုင်ငံအတွင်းရှိ စွမ်းအားအရင်းအမြစ်များဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်မည့် အကောင်းဆုံးအစီအမံများကို ကြိုတင်ပြင်ဆင်ထားနိုင်ရန် ဆောင်ရွက်နေပြီဖြစ်သည်။ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခိုင်မာသောဖွဲ့စည်းတည်ဆောက်မှု၊ လုပ်ငန်းစနစ်ကောင်းမွန်မှု၊ စုစည်းညီညွတ်သည့် ပေါင်းစပ်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်မှုတို့သည် မရှိမဖြစ်လိုအပ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး(၁/၂၀၂၂)တွင် ပြောကြားသည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးတုံ့ပြန်ရေးဆိုင်ရာ စီမံချက်ကို ရေးဆွဲထားသည်။ စီမံချက်ပါအတိုင်း ကြိုတင်ပြင်ဆင်စုဖွဲ့ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသိပညာပေးခြင်းနှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အန္တရာယ်ကို ကျော်လွှားနိုင်ရန် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များ၊ ပြည်သူလူထုနှင့် အထောက်အကူပြုအဖွဲ့များအားလုံး ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်နေပြီဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ များစွာဖြစ်ပေါ်ခဲ့သည်။ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအား တုံ့ပြန်ဆောင်ရွက်မှုမှရရှိခဲ့သည့် အတွေ့အကြုံများကို အခြေခံ၍ သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်(၂၀၀၉)ကို ရေးဆွဲထုတ်ပြန်အသုံးပြုခဲ့သည်။

အဆိုပါတည်မြဲအမိန့်ကို အသုံးပြုဆောင်ရွက်ခဲ့သည်မှာ အချိန်ကာလ ၁၂ နှစ်ကျော်ရှိလာပြီဖြစ်၍ လက်ရှိကာလ ကမ္ဘာပေါ်တွင်ဖြစ်ပေါ်လျက်ရှိသည့် သဘာဝဘေးဖြစ်ပွားမှုအခြေအနေများ၊ စီမံခန့်ခွဲမှုစနစ်များနှင့် နည်းပညာပြောင်းလဲတိုးတက်မှုများကို ပြန်လည်သုံးသပ်၍ ၂၀၀၉ ခုနှစ်က ထုတ်ပြန်ခဲ့သည့် တည်မြဲအမိန့်ကို ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် ဇွန်လမှစတင်၍ ကာကွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ ပူးပေါင်းပါဝင်၍ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို မြေပြင်အခြေအနေနှင့် လိုက်လျောညီထွေဖြစ်ကာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီအောင်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်များကို ကမ္ဘာ့လူသားများ အမျိုးမျိုးကြုံတွေ့ကြရတော့မည်ဖြစ်ရာ ယင်းကိုလျှော့ချနိုင်ရန်အတွက် စီမံခန့်ခွဲရေးလုပ်ငန်းများကို အမြဲတစေ ပြင်ဆင်ဆောင်ရွက်နေရမည်ဖြစ်သည်။ သဘာဝဘေးစီမံခန့်ခွဲရေးလုပ်ငန်းများသည် တစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့အစည်းတစ်ခုချင်း ဆောင်ရွက်နိုင်သည့်လုပ်ငန်းမဟုတ်သဖြင့် ပေါင်းစည်းချိတ်ဆက် တာဝန်ခွဲဝေယူ ဆောင်ရွက်နိုင်ရန် အားလုံးတက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဒေါက်တာ ခင်သီတာအေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ဒေါက်တာ ဝင်းမြင့်<br>အင်ဂျင်နီယာချုပ်<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန |

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း




**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်ရှိ ဗုဒ္ဓါနုဿတိပရိယတ္တိစာသင်တိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ပြည်တော်သာကျောင်းတိုက်သို့ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မကျည်းတောရွှေကျောင်းတိုက်သို့ လည်းကောင်း၊ ရှမ်းပြည်နယ် ရွာငံမြို့နယ်ရှိ မြို့ဦးမင်္ဂလာ ကျောင်းတိုက်သို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်ရှိ မြတောင်ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉- ၇ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၁၀၀ | ၁,၇၀၀ | ၁၂,၀၉၃,၁၀၀ |
| MTSH | ၂,၅၀၀ | ၂,၅၀၀ | ၁,၄၇၁ | ၃,၆၇၅,၅၀၀ |
| MCB | ၆,၉၀၀ | ၆,၉၀၀ | ၂၀ | ၁၃၈,၀၀၀ |
| FPB | ၁၇,၅၀၀ | ၁၈,၀၀၀ | ၉၆ | ၁,၆၉၃,၅၀၀ |
| TMH | ၂,၄၀၀ | ၂,၄၅၀ | ၂၈၁ | ၆၇၆,၃၅၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၈၆.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၄.၅၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၉၅၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၅.၆၈ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၃၂၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၂.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၄၀.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၈၇.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၁.၉၈ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

# မိမိတို့ဆောင်ရွက်နေသည့် အခြေခံအချက်များ အခြေခိုင်မာစေရေး အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက် အချင်းချင်းယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်နိုင်မှသာ ခိုင်မာသည့်အခြေခံကောင်းများကို ရရှိမည်

☆ ရှေ့ဖုံးမှ

အုပ်စုများရှိနေသည်ကို သဘာဝကျကျ တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိချိန်၌ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပြီး ဖဆပလပါတီတစ်ခုတည်းကသာ နိုင်ငံကို ဦးဆောင်၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အခြားပါတီများသည် ပါတီငယ်များသာဖြစ်ကြောင်း၊ နောက်ပိုင်းတွင် ဖဆပလအတွင်း သဘောထားကွဲလွဲမှုများဖြစ်ပေါ်၍ အုပ်စုများကွဲခဲ့သည်ကိုတွေ့ရကြောင်း၊ လူပုဂ္ဂိုလ် သို့မဟုတ် အုပ်စု၏ အာဏာတည်ဆောက်မှုများ၊ နိုင်ငံရေးမရင့်ကျက်မှုများကြောင့် ပါတီအတွင်း နိုင်ငံရေးအရ ထွက်ပေါက်ရှာကြရာမှ အုပ်စုများကွဲခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရလက်ထက်တွင် ဗဟိုဦးစီးစနစ်ဖြင့် ဆောင်ရွက်ခဲ့ပြီးနောက် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီထူထောင်၍ တစ်ပါတီစနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးနေဝင်းက တစ်ပါတီစနစ်ဖြင့် ပါတီအတွင်း တူညီသည့် ဆိုရှယ်လစ်အယူအဆဖြင့် သွားနိုင်ရန် ကြိုးပမ်းခဲ့ကြောင်း၊ ထိုသို့ကြိုးပမ်းဆောင်ရွက်ချိန်တွင်လည်း ဆိုရှယ်လစ်အယူအဆများအပေါ် တူညီမှုမရှိခဲ့ကြောင်း၊ အခြားပါတီများ ဖွဲ့စည်းခွင့်မရှိဘဲ ပါတီတစ်ခုတည်းသာရှိသောကြောင့် နိုင်ငံရေးထွက်ပေါက်များမရှိခဲ့ကြောင်း၊ ထို့ကြောင့် ပါတီအတွင်းအုပ်စုကွဲမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် တပ်မတော်က နိုင်ငံတော်တာဝန်ကိုယူခဲ့ရပြီး ပါတီနိုင်ငံရေးမဟုတ်သော်လည်း ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပါတီများဖွဲ့စည်းခွင့်ပေး၍ ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်ကို တင်ပေးခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ဒီမိုကရေစီ ပထမအစိုးရတက်လာခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သဖြင့် နိုင်ငံရေးထွက်ပေါက်များရရှိခဲ့ကြောင်း၊ နိုင်ငံရေးထွက်ပေါက်များမှတစ်ဆင့် ဖြစ်ပေါ်ပြောင်းလဲမှုများဖြစ်ပေါ်ခဲ့ရာ အားသာချက်များရှိသကဲ့သို့ အားနည်းချက်များလည်းရှိခဲ့ကြောင်း၊ တည်ဆဲဥပဒေကို မချိုးဖောက်သရွေ့ ကန့်သတ်ချုပ်ချယ်မှုများမရှိခဲ့ဘဲ လွတ်လပ်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ရလဒ်ကြောင့် နိုင်ငံရေးအရ မတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အတတ်နိုင်ဆုံး ဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးနှင့်ပတ်သက်၍ ထွက်ပေါက်များပေးထားကြောင်း၊ နိုင်ငံမငြိမ်သက်မှုများဖြစ်ပေါ်အောင် ဆောင်ရွက်မှုများမှလွဲ၍ ပါတီညီလာခံများ၊ အစည်းအဝေးများနှင့် ပါတီအချင်းချင်းတွေ့ဆုံပွဲများကို ခွင့်ပြုပေးထားကြောင်း၊ ဒီမိုကရေစီဆန်သည့် နိုင်ငံရေးထွက်ပေါက်များ ခွင့်ပြုပေးထားကြောင်း။

ဒီမိုကရေစီဆိုသည်မှာ တွေ့ဆုံဆွေးနွေးညှိနှိုင်း၍ အများ၏သဘောတူညီမှုဖြင့်သာ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ယင်းသည် “ဒီမိုကရေစီယဉ်ကျေးမှု”ဟု ဆိုနိုင်ကြောင်း၊ အဆိုပါ ဒီမိုကရေစီနိုင်ငံရေးယဉ်ကျေးမှုများ ပျက်စီးသွားပါက နိုင်ငံ၏ တည်ငြိမ်မှုပျက်ပြားသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုဖြစ်နေသည့် နိုင်ငံရေးအခြေအနေများသည် ရှိနေသည့် နိုင်ငံရေးထွက်ပေါက်များကို မှန်မှန်ကန်ကန် အသုံးမချမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

နိုင်ငံတော်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများကို လစာအပြင် ခံစားခွင့်များ တိုးမြှင့်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ၏တာဝန်ကို ထမ်းဆောင်ရန်ဖြစ်ပြီး နိုင်ငံရေးဆောင်ရွက်ရန် မဟုတ်ကြောင်း၊ နိုင်ငံရေးဆောင်ရွက်လိုပါက နိုင်ငံရေးလမ်းကြောင်းပေါ်မှ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံရေးနှင့်ပတ်သက်၍ နိုင်ငံသားတစ်ဦးအနေဖြင့် လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိကြောင်း၊ သို့သော် တည်ဆဲဥပဒေဖြင့် တားမြစ်ထားသည့် သတ်မှတ်ပြဋ္ဌာန်းချက်များကို ချိုးဖောက်၍မရကြောင်း။

**နိုင်ငံတကာဆက်ဆံရေး**

နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ဖြင့် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရကြောင်း၊ အကူအညီများပေးရာတွင်လည်း အရောင်အသွေးများဖြင့် ကူညီဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်ကို ယခုအချိန်တွင် သိရှိရကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံရေးစင်မြင့်ပေါ်တွင် ၎င်းတို့လိုလားသည့်သူများ မရှိတော့သည့်အချိန်တွင် ကူညီမှုများ အကြောင်းအမျိုးမျိုးပြ၍ ရပ်တန့်သွားခဲ့ကြောင်း၊ အခြေခံဥပဒေသည် ပြည်သူများ အသိအမှတ်ပြုထားသည့် ဥပဒေဖြစ်ပြီး မဲပေးခွင့်ရှိသူ၏ ၉၂ ဒသမ ၄၈ ပေါ်များရေးပင်ဖြစ်သည်ကို ပြောကြားခဲ့ကြောင်း၊ မိမိတို့၏နိုင်ငံရေး ဦးတည်ချက်တွင် နိုင်ငံရေးထွက်ပေါက်များ ပေးထားပြီး အဆိုပါနိုင်ငံရေးထွက်ပေါက်များကို အသုံးချ၍ ငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း၊ ရွေးကောက်ပွဲများကို လေ့လာကြည့်ပါက ရွေးကောက်ပွဲများကို မြို့နယ်များအားလုံးတွင် အပြည့်အဝ မပြုလုပ်နိုင်ခဲ့ကြောင်း၊ နိုင်ငံရေးရလဒ်များကို တိုးတက်အောင် ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဆောင်ရွက်နေသည့်

> ☆ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲရလဒ်ကြောင့် နိုင်ငံရေးအရ မတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်က တာဝန်ယူဆောင်ရွက်ခဲ့ရ
>
> ☆ မိမိတို့အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အတတ်နိုင်ဆုံးဆောင်ရွက်လျက်ရှိပြီး နိုင်ငံရေးနှင့်ပတ်သက်၍ ထွက်ပေါက်များပေးထား
>
> ☆ နိုင်ငံမငြိမ်သက်မှုများဖြစ်ပေါ်အောင် ဆောင်ရွက်မှုများမှလွဲ၍ ပါတီညီလာခံများ၊ အစည်းအဝေးများနှင့် ပါတီအချင်းချင်းတွေ့ဆုံပွဲများကို ခွင့်ပြုပေးထား၊ ဒီမိုကရေစီဆန်သည့် နိုင်ငံရေးထွက်ပေါက်များ ခွင့်ပြုပေးထား
>
> ☆ ယခုဖြစ်နေသည့် နိုင်ငံရေး အခြေအနေများသည်ရှိနေသည့် နိုင်ငံရေးထွက်ပေါက်များကို မှန်မှန်ကန်ကန်အသုံးမချမှုများကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်ကို တွေ့ရှိရ

နိုင်ငံတကာအသိုင်းအဝိုင်း၌ မိမိတို့ကို ဘေးဖယ်ရန် ကြိုးပမ်းခဲ့မှုများရှိကြောင်း၊ ၂၀၁၁ ခုနှစ် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်၌ လျှောက်လှမ်းချိန်တွင် အချို့နိုင်ငံကြီးများက ၎င်းတို့အလိုကျ ဆောင်ရွက်နိုင်မည့်သူများကို မြန်မာ့နိုင်ငံရေး၏ အရေးပါသည့် နေရာများတွင် ပါဝင်နိုင်ရေးအချိန်ယူစိမ့်ဝင်၍ ရည်ရွယ်ချက်ရှိရှိ ကြံစည်လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့လိုလားသည့်သူများ နိုင်ငံရေးစင်မြင့်ပေါ်တွင် တည်မြဲစေရေး ငွေအား၊ လူအားနှင့် အကြံပေးများ ရာခိုင်နှုန်းဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေကို မျက်ကွယ်ပြု၍ မိမိတို့အပေါ်တွင် ခွဲခြားဆက်ဆံမှုများ ကြုံတွေ့ရကြောင်း၊ အလားတူ နိုင်ငံတကာဆက်ဆံရေးများတွင်လည်း မိမိတို့နိုင်ငံ၏ ပကတိအရှိတရားကို မျက်ကွယ်ပြု၍ ဆောင်ရွက်လျက်ရှိကြောင်း။

**ငြိမ်းချမ်းရေးရရှိရန်လိုအပ်မှု**

ငြိမ်းချမ်းရေးနှင့် ပတ်သက်၍လည်း အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်နေသည့်ဒေသများရှိ တိုင်းရင်းသားများ၏ နေထိုင်စားသောက်ရေးအတွက် ဆောင်ရွက်ပေးမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်လိုသည်များကို ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးဆွေးနွေးချိန်တွင် မိမိတို့၏အမျိုးသားရေးရည်မှန်းချက်နှင့် နိုင်ငံရေးရည်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းရေး၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေးစနစ်ပေါင်းထားသည့် ပြည်ထောင်စုတည်ဆောက်ရေးပင် ဖြစ်ကြောင်း၊ အဆိုပါအချက်များကို လက်ခံပြီးဖြစ်သဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ဆွေးနွေးနိုင်ပြီဖြစ်ကြောင်း၊ အမျိုးသားရေး ရည်မှန်းချက်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ အခြေခံအချက်များ အခြေခိုင်မာစေရေး အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့တာဝန်ယူပြီးနောက်ပိုင်း ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် ထပ်တိုး ခြောက်လမှစ၍ နိုင်ငံ၏တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှုများကို ပြန်လည်သုံးသပ်ရန်လိုကြောင်း၊ တရားဥပဒေစိုးမိုးရေးတွင် အချို့သောဒေသများမှလွဲ၍ ကျန်ဒေသများတွင် ၂၀၂၁ ခုနှစ်ထက် များစွာတိုးတက် ပြောင်းလဲသွားကြောင်း၊ တည်ငြိမ်အေးချမ်းမှုများလည်း ရရှိလာပြီဖြစ်ကြောင်း၊ အချင်းချင်းယုံကြည်မှုဖြင့် ပူးပေါင်းဆောင်ရွက်မှုများ တည်ဆောက်နိုင်မှသာ ခိုင်မာသည့်အခြေခံကောင်းများကို ရရှိမည်ဖြစ်ကြောင်း။

**စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုအပ်မှု**

မိမိတို့အနေဖြင့် ကြေညာထားသည့် ဦးတည်ချက်များအတိုင်း အောင်မြင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အဆိုပါဦးတည်ချက်များကို အစိုးရအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ၂၀၁၈ ခုနှစ်ကတည်းက စီးပွားရေးကျဆင်းခဲ့ခြင်းကို စာရင်းဇယား အချက်အလက်များကို ကြည့်ခြင်းဖြင့် သိရှိနိုင်ကြောင်း၊ ယခင်အစိုးရလက်ထက်တွင် ပြည်တွင်းထုတ်ကုန်များ အားပေးမှုမရှိခဲ့ကြောင်း၊ သွင်းကုန်သာ ဦးစားပေးခဲ့ကြောင်း၊ နိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာစေရေး မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေကြောင်း။

စာမျက်နှာ ၄ သို့ ☆

> ☆ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍လည်း အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခဖြစ်နေသည့်ဒေသများရှိ တိုင်းရင်းသားများ၏ နေထိုင်စားသောက်ရေးအတွက် ဆောင်ရွက်ပေးမည်ဆိုပါက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်
>
> ☆ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဖြစ်လိုသည်များကို ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ပေးရမည်
>
> ☆ ငြိမ်းချမ်းရေးဆွေးနွေးချိန်တွင် မိမိတို့၏အမျိုးသားရေးရည်မှန်းချက်နှင့် နိုင်ငံရေးရည်မှန်းချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုများကို ဆောင်ရွက်နိုင်ခဲ့
>
> ☆ နိုင်ငံရေးရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် လျှောက်လှမ်းရေး၊ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နှင့် ဖက်ဒရယ်အုပ်ချုပ်ရေးစနစ် ပေါင်းထားသည့် ပြည်ထောင်စုတည်ဆောက်ရေးပင်ဖြစ်၊ အဆိုပါအချက်များကို လက်ခံပြီးဖြစ်သဖြင့် ငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ဆွေးနွေးနိုင်ပြီဖြစ်

✰ စာမျက်နှာ ၃ မှ

တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းစီးပွားရေးကို အဓိကအားပေးရန်လိုကြောင်း၊ ပြီးခဲ့သည့်အစိုးရလက်ထက်များဖြစ်သည့် လမ်းစဉ်ပါတီခေတ်တွင် ပြည်တွင်းစီးပွားရေးအားပေးခဲ့ကြောင်း၊ တပ်မတော်အစိုးရ လက်ထက်တွင် ငွေကြေးအခက်အခဲများကြောင့် Import First ဖြင့်ဆောင်ရွက်ခဲ့ပြီး ဈေးကွက်စီးပွားရေးစနစ်ကို တည်ဆောက်ခဲ့ကြောင်း၊ ယခုအချိန်တွင်မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းထုတ်ကုန်များအရည်အသွေး ကောင်းမွန်ရန်နှင့် ကုန်ထုတ်လုပ်မှုများ အားကောင်းအောင် အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကိုဗစ်ကြောင့် ကျဆင်းသွားသည့် စီးပွားရေးကိုကုစားနိုင်ရန် ငွေကျပ်ဘီလီယံ ၄၀၀ မတည်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် Quick Win ဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်သည့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများကို ဒုတိယဦးစားပေးအနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်ရမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လုပ်ငန်းသည် အများနှင့်သက်ဆိုင်သည့် လုပ်ငန်းဖြစ်သဖြင့် ပြည်သူအများစုအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ အောင်မြင်လာမည်ဆိုပါက ကုန်ထုတ်လုပ်မှုအပေါ် အခြေခံသည့် စီးပွားရေးကို ခိုင်မာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

## ပို့ကုန်သွင်းကုန်ကဏ္ဍနှင့် ပတ်သက်၍

ပို့ကုန်သွင်းကုန်နှင့် ပတ်သက်၍ ပြန်လည်စိစစ်ကြည့်ရာ နယ်စပ်စခန်းများမှ တင်ပို့မှုတွင် အစိုးရနှင့် ပုဂ္ဂလိကအနေဖြင့် ရှစ်ဘီလီယံကျော်ခန့်ရှိပြီး အစိုးရမှတင်ပို့မှုက ပုဂ္ဂလိကတင်ပို့မှုထက်များနေကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် SME လုပ်ငန်းများကို အားပေးရန်အတွက် လိုအပ်နေသေးသည်ကိုတွေ့ရှိရကြောင်း၊ ပို့ကုန်တစ်ခုတည်းဖြင့်ရပ်တည်၍မရဘဲ Non Trade များဖြင့်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအလိုက် နိုင်ငံခြားငွေသုံးစွဲမှုများရှိသကဲ့သို့ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း နိုင်ငံခြားငွေသုံးစွဲမှုများလည်းရှိကြောင်း၊ ထို့ကြောင့် နိုင်ငံခြားငွေရရှိရေးအတွက် ကုန်သွယ်မှုတစ်ခုတည်းတွင် မှီခိုနေ၍မရကြောင်း၊ မိမိတို့ နိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံခြားငွေများရရှိရေး ဝန်ကြီးဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း။

## ပညာရေးတိုးတက်ရန်လိုအပ်မှု

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပညာရေးကဏ္ဍနှင့်ပတ်သက်၍ ပြောကြားရာတွင် "ပညာရေးနဲ့ပတ်သက်ပြီး ပြီးခဲ့တဲ့ ဇွန် ၂ ရက်နေ့ကစပြီးတော့ ကျွန်တော်တို့ ပညာရေးကျောင်းတွေအကုန်လုံး ဖွင့်လိုက်တယ်။ တက္ကသိုလ်တွေလည်း ပုံမှန်သင်တန်းတွေအကုန်လုံး ဖွင့်ပါတယ်။ အဲ့ဒီတော့ အခြေခံကတော့ ဦးစားပေးပေါ့လေ။ အခြေခံပညာမှာ ၉ ဒသမ ၅ သန်းလောက် ကျွန်တော်တို့က ကျောင်းသားတက်မယ်လို့ မှန်းပါတယ်။ ဒါကတော့ Round Figure ပေါ့၊ Figure တစ်ခုအနေနဲ့ကျွန်တော်တို့က မှန်းလိုက်တာပေါ့။ ၂၀၁၉ - ၂၀၂၀ ပညာသင်နှစ်မှာရှိတဲ့ ကျောင်းသားအရေအတွက်နဲ့ လူဦးရေ တိုးတက်မှုနှုန်းနဲ့ ပြန်ပြီးတော့ ချိန်ကြည့်တဲ့အခါမှာ ၂၀၂၂-၂၀၂၃ မှာတော့ ကိုးသန်းခွဲလောက်တော့ရှိနိုင်တယ်လို့ ကျွန်တော်တို့ကတွက်ပါတယ်။ ဒီထက်နည်းနည်း ပိုရင်လည်းပိုမှာပေါ့။ လျော့ရင်လည်း လျော့မှာပေါ့။ သို့သော်လည်း Round Figure ကတော့ ၉ ဒသမ ၅ သန်းလောက်ရှိတယ်။ နောက်ဆုံးအချိန်မှာ ၇ ဒသမ ၂ သန်းကျော် ကျောင်းတက်ပါတယ်။ အားလုံး အေးအေးချမ်းချမ်းနဲ့ တက်နေကြတာပါ။ ဒီမှာ နှောင့်ယှက်တဲ့သူကတော့ တစ်နေရာစ၊ နှစ်နေရာစတော့ရှိပါတယ်။ သို့သော်လည်းပဲ ပုံမှန်အတိုင်း ကျွန်တော်တို့ ပညာရေးနဲ့ပတ်သက်ပြီး ဆောင်ရွက်နေပါတယ်။ အဲ့ဒီတော့ နိုင်ငံတစ်ခုမှာလည်း ပညာရေးမြှင့်တင်မှုက အရေးပါတဲ့ အနေအထားရှိပါတယ်။ ပညာရေးမမြှင့်တင်ရင် တိုင်းပြည်ဘယ်လိုလုပ်မှကို တိုးတက်မှုမရှိနိုင်ဘူး။ ကျွန်တော်တို့ ဆန်းစစ်ချက်တွေအရ ပညာရေးဟာ နိမ့်ပါးပါတယ်။ တော်တော်ကို စိတ်မကောင်းစရာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေ တစ်ဝက်လောက်က၊ တစ်ဝက်ကျော်ကျော်လောက်က အခြေခံပညာအလယ်တန်းနဲ့ အောက်မှာပဲရှိတယ်။ အဲ့ဒီတော့ ဒီပညာရေး မြှင့်တင်မှုမလုပ်နိုင်ခဲ့လို့ရှိရင် ပညာရေးကို အခြေခံပြီး အတတ်ပညာကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ ဘယ်လိုမှ ခေတ်မီစရာအကြောင်းမရှိဘူး။ အစ္စရေးတို့ ဘာတို့၊ စိုက်ပျိုးရေးတို့၊ မွေးမြူရေးတို့၊ နည်းပညာတို့ ကောင်းတယ်ဆိုတာ ပညာတတ်တွေပေါ်တယ်။ စီးပွားရေးကောင်းတယ်။ ဝင်ငွေရှိတယ်။ ဝင်ငွေရှိတဲ့အခါကျတော့ ပြည့်ပြည့်ဝဝစားနိုင်တယ်။ ပြည့်ပြည့်ဝဝစားနိုင်တော့ ကိုယ်ခံစွမ်းအားတွေကောင်းတာပေါ့။ ပြီးတော့ အဲ့ဒီအပေါ်မှာ အခြေခံပြီးတော့ ကျန်းမာရေးနဲ့ ပတ်သက်တာတို့၊ အားကစားနဲ့ပတ်သက်တာတို့ စနစ်တကျနဲ့လုပ်တဲ့ အခါကျတော့ သူတို့ရဲ့ IQ ပေါ့ဗျာ။ ဉာဏ်ရည်တွေက ကျွန်တော်တို့ သာမန်ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုထက်တော့ သာတာကိုသွားတွေ့ရတယ်။ ဒါ ရိုးရိုးသားသားပြောတာ၊ ဒီတိုင်းဝန်ခံတာဖြစ်ပါတယ်။ ကျွန်တော်တို့ အပြည့်အဝ စားနိုင်ဖို့၊ အပြည့်အဝ သုံးနိုင်ဖို့ ကိုယ်ခံစွမ်းအားတွေ ကောင်းလာလို့ရှိရင် ဉာဏ်ရည်က ထက်လာလိမ့်မယ်။ ဉာဏ်ရည်ထက်လာလို့ရှိရင် ပညာသင်ကြားရေးမှာလည်း ပိုပြီးတော့ အထောက်အကူရမယ်။ အဲ့ဒီတော့ တစ်ဖက်က ဂျာအေးသူ့အမေရိုက်သလိုပဲ။ တစ်ဖက်ကအားနည်းချက်ရှိတော့၊ ကျောင်းမှာလည်း ပညာကောင်းကောင်း မသင်နိုင်တဲ့အချိန်မှာ ပညာရေးကို စိတ်မဝင်စားဘူး။ စီးပွားရေးအားမကောင်းတဲ့အတွက်ကြောင့် မိဘကို ကူညီဖို့လည်း မိဘကနေခိုင်းတဲ့အခါမှာ ခုနကပြောသလို စာမလိုက်နိုင်တဲ့ဟာရယ်။ မိဘကနေ လုပ်ခိုင်းတဲ့အခါမှာ ပေါင်းစပ်တဲ့အခါကျတော့ ကလေးက ဒီအလယ်တန်း ပညာလောက်မှာတင် ဆုံးခန်းတိုင်သွားတဲ့ သူတွေ များစွာဖြစ်လာစေတာကို သွားတွေ့ရပါတယ်။ အဲ့ဒါကြောင့် ဘက်ပေါင်းစုံကနေ လုပ်ရမှာဖြစ်ပါတယ်။ ပညာရေးကောင်းချင်ရင်၊ ပညာရေးနဲ့ပတ်သက်ရင် ပညာရေးတစ်ခုတည်း ကျွန်တော်တို့ အစိုးရ အားထည့်နေလို့မရဘူး။ ပြည်သူပြည်သားအားလုံးရဲ့ လူမှုဘဝစီးပွားကို တက်အောင်လုပ်ပေးမှရမယ်။ အဲ့ဒီလိုသာ မလုပ်နိုင်ဘူးဆိုရင် အတူတူပဲ။ တလည်လည်နဲ့ပဲ ဖြစ်နေမှာဖြစ်တယ်။ ဒါ့ကြောင့် ပညာရေးမြှင့်တင်မှုပိုင်းဟာ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းနဲ့ မဆိုင်ဘူး။ အားလုံးက ဆိုင်ပါတယ်။ အားလုံးနဲ့ဆိုင်တယ်" ဟု ပြောကြားသည်။

○ ယခုအချိန်တွင် မိမိတို့အနေဖြင့် ပြည်တွင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဆောင်ရွက်ရမည်၊ ပြည်တွင်းထုတ်ကုန်များ အရည်အသွေးကောင်းမွန်ရန်နှင့် ကုန်ထုတ်လုပ်မှုများ အားကောင်းအောင် အားပေးဆောင်ရွက်ရမည်

○ ကိုဗစ်ကြောင့် ကျဆင်းသွားသည့် စီးပွားရေးကိုကုစားနိုင်ရန် ငွေကျပ်ဘီလီယံ ၄၀၀ မတည်၍ ဆောင်ရွက်လျက်ရှိ၊ ထိုသို့ဆောင်ရွက်ရာတွင် Quick Win ဖြစ်စေမည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရမည်

○ ပထမဦးစားပေးအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်သည့် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများကို ဒုတိယဦးစားပေးအနေဖြင့် ဆောင်ရွက်

○ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ရမည်

## ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး

ကိုဗစ် - ၁၉ နှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း၊ သို့သော် အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများတွင် ဖြစ်ပွားမှုနှုန်းများ မြင့်တက်လာလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင် ပြည်ပမှ ပြန်လည်ဝင်ရောက်သူများမှ ဖြစ်ပွားမှုပိုများသဖြင့် ကိုဗစ်-၁၉ ရောဂါ စစ်ဆေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် ကန့်သတ်ချက်များကို လျှော့ချပေးထားသော်လည်း ရောဂါကူးစက်မှုနှုန်း ပြန်လည်မြင့်မားလာနိုင်ခြေရှိသဖြင့် မပေါ့ဆရန်လိုကြောင်း၊ ကိုဗစ်ကာကွယ်ဆေးအနေဖြင့်သန်း ၈၀ ခန့် လက်ခံရရှိခဲ့ပြီး ၇၂ သန်းခန့်ထိုးနှံပြီးဖြစ်ကြောင်း၊ အသက် ၁၈ နှစ်အထက် ထိုးနှံပြီးသူများပြားသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် လိုအပ်နေသေးကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနသာမက ပြည်သူလူထုနှင့် အခြားအုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံးအနေဖြင့်လည်း ဝန်ကြီးဌာနများအလိုက် ကာကွယ်ဆေးများထိုးနှံနိုင်ရေး နှိုးဆော်တိုက်တွန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုများမြင့်မားလာမည်ဆိုပါက ရောဂါကူးစက်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကလည်း ရောဂါကူးစက်မှု အခြေအနေများကို လေ့လာ၍ သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း၊ ပညာရေးနှင့် ကျန်းမာရေးသည် နိုင်ငံတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေကြောင်း၊ မိမိအနေဖြင့် **"ရှေ့သို့ချီ"** Moving Forward ဆိုသည့်အတိုင်း နိုင်ငံတိုးတက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ နိုင်ငံတစ်ခုမှာလည်း ပညာရေးမြှင့်တင်မှုက အရေးပါတဲ့အနေအထားရှိပါတယ်။ ပညာရေးမမြှင့်တင်ရင် တိုင်းပြည်ဘယ်လိုလုပ်မှကို တိုးတက်မှုမရှိနိုင်ဘူး။ ကျွန်တော်တို့ ဆန်းစစ်ချက်တွေအရ ပညာရေးဟာ နိမ့်ပါးပါတယ်။ တော်တော်ကို စိတ်မကောင်းစရာလည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ လူဦးရေတစ်ဝက်လောက်က၊ တစ်ဝက်ကျော်ကျော်လောက်က အခြေခံပညာအလယ်တန်းနဲ့ အောက်မှာပဲရှိတယ်။ အဲ့ဒီတော့ ဒီပညာရေး မြှင့်တင်မှုမလုပ်နိုင်ခဲ့လို့ရှိရင် ပညာရေးကိုအခြေခံပြီး အတတ်ပညာကို အခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေဟာ၊ ဘယ်လိုမှ ခေတ်မီစရာအကြောင်းမရှိဘူး

○ ပညာရေးကောင်းချင်ရင်၊ ပညာရေးနဲ့ပတ်သက်ရင် ပညာရေးတစ်ခုတည်း ကျွန်တော်တို့ အစိုးရ အားထည့်နေလို့မရဘူး။ ပြည်သူပြည်သားအားလုံးရဲ့ လူမှုဘဝစီးပွားကို တက်အောင် လုပ်ပေးမှရမယ်။ အဲ့ဒီလိုသာ မလုပ်နိုင်ဘူးဆိုရင် အတူတူပဲ။ တလည်လည်နဲ့ပဲ ဖြစ်နေမှာဖြစ်တယ်။ ဒါ့ကြောင့် ပညာရေးမြှင့်တင်မှုပိုင်းဟာ ပညာရေးဝန်ကြီးဌာန တစ်ခုတည်းနဲ့မဆိုင်ဘူး။ အားလုံးကဆိုင်ပါတယ်။ အားလုံးနဲ့ဆိုင်တယ်

# လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း နည်းလမ်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် ဇူလိုင် ၂၉**

မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းနည်းလမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတာဝန်ရှိသူများ တက်ရောက်ကြသည်။

**လွန်စွာအရေးကြီး**

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီးက တောင်သူလယ်သမားများ၏ အကျိုးကို ဖော်ဆောင်ပေးနိုင်မည့် စီမံကိန်းကြီးများ၊ လယ်ယာကဏ္ဍအပါအဝင် နိုင်ငံတော်၏မြေအသုံးချမှုနှင့် သက်ဆိုင်သော သတင်း၊ စာရင်းအချက်အလက်များကို အဓိကတာဝန်ယူကောက်ယူ စုစည်းထုတ်ပြန်ပေးနေသည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ တာဝန်သည် လွန်စွာအရေးကြီးသည့်လုပ်ငန်းတစ်ခု ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၏ အစီအစဉ်ဖြင့် ကမ္ဘာ့တစ်ဝန်း ဆယ်စုနှစ်တစ်ခုတိုင်း တစ်ကြိမ်နှုန်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် ကောက်ယူခဲ့ကြောင်း၊ မြန်မာနိုင်ငံက ၁၉၅၃၊ ၁၉၉၃၊ ၂၀၀၃ နှင့် ၂၀၁၀ ပြည့်နှစ်များတွင် လယ်ယာသန်းခေါင်စာရင်း လေးကြိမ်ကောက်ယူခဲ့ခြင်းကို လယ်ယာမြေ စီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ယခင် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)က FAO နည်းပညာအကူအညီဖြင့် နိုင်ငံတကာနှင့် တူညီသောစာရင်းအင်းစနစ်ဖြစ်စေရန် World Census of Agriculture Guidelines များနှင့်အညီ တာဝန်ယူအကောင်အထည်ဖော်ခဲ့ကြကြောင်း။

လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစီမံကိန်းသည် ဒေသအလိုက်မြေပြင်သတင်း အချက်အလက်များ စုစည်းပြုစုရသည့် လုပ်ငန်းဖြစ်၍ ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တောင်သူလယ်သမားများ၏ ပူးပေါင်းပါဝင်မှုရယူနိုင်ရေး အလေးထားဆောင်ရွက်ကြရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် စာရင်းဇယားများဖြစ်စေရေး ဂရုပြုကြိုးပမ်းကြစေလိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးပွဲတွင် လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစီမံကိန်း၏ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းနည်းလမ်း (Methodoly of Agricultural Census) သဘောတရားများ၊ အိမ်ထောင်စုတည်နေရာပြ မြေပုံကြမ်း (Sketch Map)၊ လယ်ယာလုပ်ခွင့် ခွဲခြားစာရင်း ပြုစုမှု (List Frame)တို့ ဆက်စပ်မှုကို စိစစ်သုံးသပ်ခြင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်း ဆောင်ရွက်ရာတွင် ဒေသအလိုက် တွေ့ကြုံရမည့်လုပ်ငန်းကိစ္စများကို နှီးနှောဖလှယ်ဆွေးနွေးကြရန်နှင့် ဆွေးနွေးတွေ့ရှိချက်များကို သက်ဆိုင်ရာ ဝန်ထမ်းများကို ဆက်လက်ဝေမျှ ညွှန်ကြားဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်း နည်းလမ်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကို စီမံကိန်းလုပ်ငန်းဒေသအလိုက် တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်သူများအဖြစ် တာဝန်ယူကြရမည့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အရာထမ်း ၁၀၀ ကျော်ဖြင့် ဇူလိုင် ၃၀ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂ္ဂလိကသို့ရောင်းချထားသော နိုင်ငံပိုင်ရုပ်ရှင်ရုံများနှင့်ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေး ကျင်းပ





**ရန်ကုန် ဇူလိုင် ၂၉**

ပုဂ္ဂလိကသို့ရောင်းချထားသော နိုင်ငံပိုင်ရုပ်ရှင်ရုံများနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရုပ်ရှင်ရုံနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက်နေသည့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် Virtual Meeting ဖြင့် တွေ့ဆုံဆွေးနွေးသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီးက ပုဂ္ဂလိကသို့ ရောင်းချခဲ့ပြီး နိုင်ငံပိုင်ရုပ်ရှင်ရုံများအနက် ရောင်းချစဉ်က စာချုပ်ပါ စည်းကမ်းအတိုင်း ရုပ်ရှင်ပြသရေး လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့် ရုပ်ရှင်ရုံ ဝယ်ယူထားသူများကို ရုပ်ရှင်ရုံ ဆောက်လုပ်ပြသနိုင်ရေး မြန်မြန်ဆန်ဆန် အကောင်အထည်ဖော်စေလိုပါကြောင်း၊ စီးပွားရေးအခက်အခဲကြောင့် ရှိုးရိုးသားသားပျက်ကွက်သူများရှိသကဲ့သို့ ရုပ်ရှင်ရုံနေရာများကို အခြားစီးပွားရေးလုပ်ငန်းများအတွက် အသုံးပြုနေကြပြီး ရုပ်ရှင်ပြသခြင်း မရှိသူများလည်းရှိနေပါကြောင်း၊ စာချုပ်ပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဥပဒေအရ ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ပေးကြစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများက မြေပြင်တွင် ရုပ်ရှင်ရုံများ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆောင်ရွက်ထားခြင်း မရှိမှုတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်စကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အင်းစိန်မြို့နယ်ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန အောင်ဆန်းပုံနှိပ်စက်ရုံ၊ စာပေဗိမာန်ပုံနှိပ်စက်ရုံ၊ ဂျီတီစီပုံနှိပ်စက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ စက်ရုံများမှ စက်ရုံမှူးများနှင့် အရာထမ်းများကို တွေ့ဆုံ၍ ဝန်ထမ်းများ စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန်၊ ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးကောင်းအောင် ကြပ်မတ်စစ်ဆေးလုပ်ဆောင်ကြရန်၊ စက်ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပျောက်ဆုံးပျက်စီးမှုမရှိစေရေးနှင့် စက်ရုံလုံခြုံရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီအစည်းအဝေး ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၉**

မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီ(၃ /၂၀၂၂)အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ အသင်းအစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးမျိုးထွန်း(မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးစိုးမြင့်(စိုးမှူး)နှင့် ဦးမြတ်စိုး(မြတ်စိုး - လှိုင်)၊ အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ - ကြို့ပင်ကောက်)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူးက လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

**ဆွေးနွေးညှိနှိုင်း**

ဆက်လက်၍ တက်ရောက်လာကြသူများက ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရင်းမပျောက်မတည်ငွေအဖြစ်လှူဒါန်းခဲ့သော အလှူငွေများနှင့်ပတ်သက်၍ မိမိတို့အသင်းကြီးက စနစ်တကျစီစဉ်ထားရှိပြီး အသင်းဝင်များ၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ တတိယအကြိမ်ညီလာခံက ချမှတ်ထားသောဆုံးဖြတ်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရေး၊ လုပ်ငန်းကော်မတီအသီးသီးနှင့် လုပ်ငန်းတာဝန်များခွဲဝေခြင်းကိစ္စ၊ အသင်းဝင်များ၏ နာရေးနှင့်နာမကျန်းထောက်ပံ့ကြေးကိစ္စ၊ နဝမအကြိမ် အသင်းဝင်များ၏သားသမီးများ ပညာရည်ချွန်ဆုချီးမြှင့်ရေးကိစ္စ၊ ၁၃၈၄ ခုနှစ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကျင်းပရေးကိစ္စများ ဆွေးနွေးညှိနှိုင်းကြပြီး အသင်းဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမှုနှင့် မတရားမှု၊ ဓမ္မနဲ့ အဓမ္မ ခွဲခြားနားလည်ကြဖို့ရာ

ဓမ္မဘက်တော်သား

အမျိုးသမီးတစ်ယောက်ကို ဓားနဲ့အချက်ပေါင်းများစွာထိုးပြီး ဆွဲကြိုးယူ၊ လက်စွပ်ဖြုတ်၊ လူမဆန်စွာသတ်ဖြတ်ခဲ့ကြတဲ့ ယောကျ်ားရင့်မာကြီးတွေကိုမှ သူရဲကောင်းအာဇာနည်တွေလို့ သတ်မှတ်ခံရတဲ့ နိုင်ငံမှာနေတဲ့ ငါတို့တွေ။ အကြမ်းဖက်သမားတွေ လက်ချက်နဲ့ အသတ်ခံခဲ့ရတဲ့သူတွေရဲ့ ဆွေမျိုးတွေ၊ ညီအစ်ကိုမောင်နှမ သားသမီးတွေ၊ မိခင်တွေ၊ ဖခင်တွေ သူတို့ရဲ့မျက်ရည်တွေ မခန်းခြောက်သေးပါဘူး။ သေသူတွေရဲ့ တောင်းပန်ခယသံတွေ၊ ညည်းညူသံတွေ မစဲသေးပါဘူး။ ကျန်ရစ်သူတွေရဲ့ သောကမီးတွေ မငြိမ်းသေးပါဘူး။ ကရုဏာတရား ကိုယ်ချင်းစာထားပြီး အသိတရားရှိရှိနားလည်ပေးစေချင်ပါတယ်။

**လူမဆန်တဲ့ သတ်ဖြတ်မှုဖြစ်စဉ်ဖြစ်ရပ်**

တပ်မတော်က အာဏာထိန်းပြီးစ ၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက်နေ့က အဖြစ်အပျက်တစ်ခုပါ။ လှိုင်သာယာမြို့နယ် အောင်မေတ္တာရပ်ကွက်မှာ အိမ်ငှားနေထိုင်ရှာတဲ့ အသက် ၃၁ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦး။ ထိုအမျိုးသမီးက အများနည်းတူ ည ၈ နာရီ သံပုံးမတီးလို့ဆိုပြီး သူလျှို၊ ဒလန်လို့စွပ်စွဲပြီး တရားခံ ဝက်ကြီးနဲ့ကတုံးဆိုသူ နှစ်ယောက်က အခြားဆူပူအကြမ်းဖက် ရပ်ကွက်လူဆိုးလူမိုက် ၂၀ ခန့်နဲ့ သူ့အိမ်ကနေ ကြိုးတုပ်ဖမ်းခေါ်၊ ဘုန်းကြီးကျောင်းနဲ့ ဓမ္မာရုံမှာ နှိပ်စက်ညှဉ်းပန်းစစ်ဆေးပြီး သူ့ကို သူ့အိမ်ပေါ် ပြန်ခေါ်ပြီးနှိပ်စက်၊ သော့ခတ်ချုပ်ထား၊ နောက်နေ့မှာ တရားခံ ဝက်ကြီးနဲ့ ကတုံးတို့က ထိုအမျိုးသမီးကို ကားနဲ့ပြန်ခေါ်ထုတ်၊ တွံတေး-လှိုင်သာယာကားလမ်း ဖျောက်ရိုးကျေးရွာအနီးအရောက်မှာ ကားပေါ်မှာတင် သွေးဆာနေတဲ့ မိစ္ဆာတွေက ပါလာတဲ့ဓားနဲ့ထိုး၊ အမျိုးသမီးကို ကားအောက်ဆွဲချ၊ ဓားနဲ့ထပ်ထိုး၊ စုစုပေါင်း ဓားဒဏ်ရာ ခုနစ်ချက်နဲ့ အမျိုးသမီးဝတ်ဆင်ထားတဲ့ ရွှေဆွဲကြိုး၊ ရွှေလက်စွပ်တွေဖြုတ်ယူ၊ ဝဋ်ကြီးလွန်းလှတဲ့ ထိုအမျိုးသမီးကို မသေမချင်းသတ်ပြီး ချုံပုတ်ထဲမှာ ပစ်ထားခဲ့တဲ့ ရာဇဝတ်မှုပါ။ သေသူအမျိုးသမီးဟာ လက်ဝတ်လက်စားတွေကိုတော့ယူပြီး သူ့ကို အသက်ချမ်းသာပေးဖို့ ခယတောင်းပန်ခဲ့ပါသေးတယ်။ ဒီအမှုတွေကြောင့်ပဲ စစ်ခုံရုံးဖွဲ့ ရာဇသတ်ကြီးပုဒ်မ ၃၀၂ အရ ပြစ်မှုထင်ရှားတဲ့အတွက် ၂၀၂၁ ခုနှစ် ဧပြီလ ၁၂ ရက်နေ့မှာ တရားခံ ဝက်ကြီးနဲ့ ကတုံးတို့ကို သေဒဏ်အပြစ်ဒဏ် ချမှတ်ခဲ့တာဖြစ်ပါတယ်။

**ဒီမိုကရေစီအရေးလည်းမဟုတ်၊ နိုင်ငံအရေးလည်းမဟုတ်**

ဘာကြောင့် ယခုလို အမြင့်ဆုံးအပြစ်ဒဏ် ချမှတ်ခဲ့ရပါသလဲ။ ထင်ရှားလွန်းလှတဲ့ ပြစ်မှုတစ်ခုပါ။ ယဉ်ကျေးတဲ့ လူ့အဖွဲ့အစည်းဆိုရင် ဘယ်လိုမှ လက်ခံနားလည်ပေးလို့မရတဲ့ ရာဇဝတ်မှုကြီးပါ။ အဲဒီအမျိုးသမီးဟာ တကယ့်သူလျှို၊ ဒလန်တစ်ဦးလည်း မဟုတ်ခဲ့ပါဘူး။ လူမဆန်တဲ့ သတ်ဖြတ်မှုတွေကို သွေးအေးအေးနဲ့ ကျူးလွန်ခဲ့ကြတာပါ။ ရက်ရက်စက်စက် အကြမ်းဖက်သတ်ဖြတ်ခဲ့သူတွေကို အထိရောက်ဆုံး ပြစ်ဒဏ်ပေးခြင်းဟာ အကြမ်းဖက်လုပ်ရပ်မဟုတ်မှန်း ဦးနှောက်ရှိသူတိုင်း စဉ်းစားတတ်ကြလိမ့်မယ် ထင်ပါတယ်။



လှိုင်သာယာမြို့နယ်မှ အမျိုးသမီးတစ်ဦးအား ဒလန်ဟုစွပ်စွဲပြီး ဓားဖြင့်အချက်ပေါင်းများစွာ ရက်ရက်စက်စက် ထိုးသတ်ခဲ့သူ တရားခံ လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီး။



လှိုင်သာယာမြို့နယ်မှ အပြစ်မဲ့အမျိုးသမီးတစ်ဦးအား ဓားဖြင့်အချက်ပေါင်းများစွာ ထိုးသတ်၊ ဆွဲကြိုးယူ၊ လက်စွပ်ဖြုတ်ယူခဲ့သူ တရားခံ အောင်သူရဇော်(ခ)ကတုံး(ခ)သူရ။

ကိုယ်နဲ့အမြင်မတူတိုင်း အကြမ်းဖက်သတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက်သမားတွေကို ဘာကြောင့် ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေး ခေါင်းစဉ်အောက်မှာ သတ်မှတ်ရမှာလဲ။ သူတို့ကို သေဒဏ်ပေးခဲ့ခြင်းဟာ နိုင်ငံရေးကြောင့်လည်း မဟုတ်ဘူး၊ ပုဂ္ဂိုလ်ရေးကြောင့်လည်း မဟုတ်ပါဘူး။ အပြစ်မဲ့တဲ့လူသားတွေကိုသတ်လို့ ထိုက်ထိုက်တန်တန် စီရင်ခဲ့တာပါ။ ရက်စက်စွာနဲ့ လူမဆန်စွာ သတ်ဖြတ်ခဲ့လို့ အပြင်းထန်ဆုံး အပြစ်ပေးရတာပါ။ ခေါင်းစဉ်ပြောင်းပြီး ပြည်သူကိုချမနင်းပါနဲ့၊ ခုတုံးမလုပ်ပါနဲ့၊ ခေတ်သစ်အဟောအပြောတွေနဲ့ သွေးဆာပြချင်သူတွေအောက်မှာ သွေးမဆာပြကြပါနဲ့လို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

**ဘယ်အချိန်ဘယ်အခါမှန်းမသိလိုက်ရဘဲ သတ်ဖြတ်ခံရမှုတွေ**

လှိုင်သာယာက ရက်စက်တဲ့ လူသတ်မှုကို ကြည့်ရင် ကားပေါ်မှာဓားနဲ့ထိုးသတ်တယ်၊ ကားပေါ်ကဆွဲချ မြေပေါ်မှာဓားနဲ့ထပ်ထိုး၊ လမ်းဘေးမှာ လမ်းပေါ်မှာပဲ ဒလန်ခေါင်းစဉ်တပ်ပြီး သေဒဏ်စီရင်တယ်ဆိုပါလား။ အကြမ်းဖက်အုပ်စုတွေဟာ ဒီလိုပဲ သူတို့နဲ့ အမြင်မတူသူတိုင်းကို ခေါင်းစဉ်အမျိုးမျိုးတပ်ပြီး ခုခံချေပခွင့်မပေးဘဲ တရားမရှိ အဓမ္မသတ်ခဲ့ဖြတ်ခဲ့ကြတယ်။ တချို့က ကိုယ့်အိမ်မှာ၊ တချို့က လက်ဖက်ရည်ဆိုင်မှာ၊ တချို့က ဘုန်းကြီးကျောင်းမှာ ဓမ္မာရုံမှာ ဆွမ်းဘုဉ်းရင်း၊ တချို့က ခရီးသွားရင်း၊ ဘုရားဖူးရင်း၊ တချို့က တစ်ဝမ်းတစ်ခါးဈေးရောင်းရင်း၊ တချို့က နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း၊ တချို့က လက်နက်ကိုင်အဖွဲ့တွေရဲ့ အကြမ်းဖက်စခန်းများမှာ ဘာမှမသိလိုက်ရဘဲ အသက်ထွက်ခဲ့ကြရတယ်။ တချို့နေရာတွေမှာ တချို့သူတွေဟာ ယောကျ်ား/မိန်းမ မရွေး ပြန်ပြောလို့ မသင့်လောက်အောင် ရွံရှာစက်ဆုပ်ဖွယ်ကောင်းလောက်အောင် ထူးထူးဆန်းဆန်း သတ်နည်းပေါင်းစုံနဲ့ အသတ်ခံခဲ့ကြရတာဖြစ်တယ်။

> နိုင်ငံတကာရေးရာ ဗဟုသုတကိုလည်း လေ့လာကြစေချင်ပါတယ်။ ကမ္ဘာမှာလူဦးရေအများဆုံးနဲ့ သေဒဏ်ပေးမှုအများဆုံးစာရင်းမှာရှိနေတဲ့ တရုတ်နိုင်ငံကြီးဟာ ဝေဖန်ခံရတာတွေများပေမယ့် ဂုဏ်ယူဖွယ်ရာ ရာဇဝတ်မှုဖြစ်ပွားမှု အနည်းဆုံးနိုင်ငံစာရင်းမှာ ပါဝင်နေတာကိုတော့ ဘယ်သူမှမငြင်းနိုင်ပါဘူး။ တရုတ်နိုင်ငံပြည်သူတွေဟာ အေးအေးချမ်းချမ်းလုပ်ကိုင်နိုင်၊ ရောင်းဝယ်ဖောက်ကားနိုင်ကြပြီး နိုင်ငံကလည်း ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးမှာရှိနေတာ တွေ့ရပါတယ်။ ရာဇဝတ်ကင်းတော့ ဖွံ့ဖြိုးတိုးတက်တာပေါ့။ ယဉ်ကျေးဖွံ့ဖြိုးတဲ့ နိုင်ငံတွေမှာ အကြမ်းဖက်ရာဇဝတ်ဖြစ်မှုတွေကို ဘယ်လိုသဘောထားကြပါသလဲ၊ လေ့လာနားစွင့်ဖတ်ရှုကြဖို့ လိုအပ်တာလည်း တွေ့ရပြန်ပါတယ်

**ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းကတော့ ဓမ္မနဲ့အဓမ္မ ခွဲခြားနားလည်နိုင်သည်သာ**

မြန်မာနိုင်ငံမှာ အကြမ်းဖက်ဖြစ်စဉ်တွေနဲ့ ယှဉ်တွဲပြီး သေဒဏ်ပေးမှုတွေရှိလာနေတာမှာ မြန်မာ့လူ့အဖွဲ့အစည်းမှာ ပြောကြဆိုကြ၊ ဆွေးနွေးသုံးသပ်ကြနဲ့ ငြင်းခုံဝေဖန်သံတွေ သောသောညံသွားခဲ့ကြတယ်။ အတွင်းအပြင် ဝေဖန်သူတွေက သေဒဏ်အပေးခံရတဲ့သူတွေအပေါ် ဒီမိုကရေစီအရေး နိုင်ငံရေးနဲ့ယှဉ်ပြီး ပြစ်တင်ကြတယ်၊ ရှုတ်ချကြတယ်ပေါ့။ ပြည်တွင်းက လစ်ဘရယ်အစွန်းရောက် ကွန်မြူနစ်ဝါဒီတွေကတော့ အမှန်နဲ့အမှား၊ ဓမ္မနဲ့အဓမ္မကို အစွဲတွေနဲ့ ခွဲခြားမမြင်နိုင်ကြတာ သဘာဝကျပါတယ်။ ပြည်ပက ကြိုးဆွဲဆရာကြီးများကတော့ သေဒဏ်ပေးသင့်၊ မပေးသင့် သူတို့ဦးနှောက်တွေနဲ့ စဉ်းစားတတ်ကြသူတွေပါ။ မသိချင်မမြင်ချင်ယောင်ဆောင်နေကြခြင်းသာဖြစ်ပါတယ်။ ယဉ်ကျေးဖွံ့ဖြိုးတဲ့ သူတို့လူ့အဖွဲ့အစည်းထဲ ဒီလိုရိုင်းစိုင်းမှုမျိုးတွေ ဘယ်လက်ခံကြပါ့မလဲ၊ သူတို့သိကြပါတယ်။ သူတို့အကျိုးစီးပွားအတွက် ဝင်ရောက်စွက်ဖက်လိုကြတဲ့အတွက် ဆင်ခြေဆင်လက်ပေးနေကြခြင်းသာ ဖြစ်ပါတယ်။

လူ့ယဉ်ကျေးတို့ ထွန်းကားရာ အာရှက ဖွံ့ဖြိုးတိုးတက်နေတဲ့ ဂျပန်နိုင်ငံကိုပဲ ကြည့်ရအောင်ပါ။ သေဒဏ်ပေးလို့မြန်မာနိုင်ငံကို ဝေဖန်တဲ့နိုင်ငံတွေမှာ ဂျပန်လည်း ပါပါတယ်။ ဂျပန်နိုင်ငံမှာ လတ်တလော ဇူလိုင်လ ၂၆ ရက်နေ့ကတင် လူခုနစ်ဦးသေဆုံးခဲ့ရတဲ့ ဓားနဲ့တိုက်ခိုက်မှုမှာ ပြစ်မှုထင်ရှားလို့ မသေမချင်းကြိုးကွင်းစွပ် ပြစ်ဒဏ်စီရင်ခံရတဲ့ သေဒဏ်ပေးမှုသတင်းတစ်ခု ဖတ်လိုက်ရပါတယ်။ ဂျပန်သမိုင်းမှာ အဆိုးရွားဆုံး မိုက်မိုက်ကန်းကန်း တိုက်ခိုက်မှုအတွက် ချမှတ်သင့်တဲ့ ပြစ်ဒဏ်စီရင်ချက်တစ်ခုအဖြစ် အတော်များများက လက်သင့်ခံကြတာတွေ့ရသလို လူခုနစ်ဦးသတ်ခဲ့တဲ့ လူသတ်သမားကို သူရဲကောင်းကြီးအဖြစ် ချီးကျူးသူကောင်းပြုတဲ့ မရင့်ကျက်မှုမျိုး ဂျပန်လူ့အဖွဲ့အစည်းမှာ မရှိတာကိုလည်း သတိထားမိပါတယ်။

**မတူတဲ့သဘောထားချမှတ်ကြတာလည်းတွေ့ရပြန်**

သတ်သူကလည်း သူ့ဘဝသူ့အကြောင်းနဲ့သူ၊ အသတ်ခံရသူတွေကလည်း ဘာအပြိုးအတေးမှ မရှိဘဲ အသတ်ခံရ၊ ပြင်းထန်တဲ့စီရင်ချက်တစ်ခုဖြစ်ပေမယ့် သူကျူးလွန်ခဲ့တဲ့ပြစ်မှုအပေါ်မှာ နောင်တရခြင်းအလျဉ်းမရှိ၊ အသတ်ခံရသူတွေကို နောင်တရပြီး ပြန်တောင်းပန်တဲ့အထိ တာဝန်ယူ တာဝန်ခံမှုဆိုတဲ့ လူ့ယဉ်ကျေးမှုပုံစံကောင်းတစ်ခုကိုပါ ဂျပန်နိုင်ငံ ဥပမာက ပြသနိုင်ခဲ့တာတွေ့ရပါတယ်။ အတုယူစရာရှိပေမယ့်လည်း သေဒဏ်ပေးခြင်းအပေါ် နိုင်ငံတကာရဲ့မှတ်ချက်တွေအပေါ်မှာတော့ လျစ်လျူရှုခဲ့ကြတာပါပဲ။ ဒီလိုနိုင်ငံတကာရဲ့ ဖိအားအပေါ် အာခံခဲ့တဲ့ ဂျပန်နိုင်ငံဟာ မြန်မာနိုင်ငံ သေဒဏ်ပေးတဲ့အခြေအနေကိုတော့ နားလည်မှုမရှိ ဝင်ရောက်စွက်ဖက်နေတာကိုလည်း တွေ့ရပြန်ပါတယ်။ ဒီလိုဂျပန်က မြန်မာအပေါ်ထားတဲ့ ဥပမာလို မတူညီတဲ့သဘောထားမျိုး အများအပြားတွေ့ရတာဟာ မြန်မာနိုင်ငံအတွက်တော့ အထူးအဆန်းမဟုတ် ရိုးအီနေပြီဖြစ်ပါတယ်။

စာမျက်နှာ ၇ သို့ ☆

> ကိုယ်နဲ့အမြင်မတူတိုင်း အကြမ်းဖက်သတ်ဖြတ်ခဲ့ကြတဲ့ အကြမ်းဖက်သမားတွေကို ဘာကြောင့် ဒီမိုကရေစီအရေးနဲ့ လူ့အခွင့်အရေးခေါင်းစဉ်အောက်မှာ သတ်မှတ်ရမှာလဲ။ သူတို့ကိုသေဒဏ်ပေးခဲ့ခြင်းဟာ နိုင်ငံရေးကြောင့်လည်းမဟုတ်ဘူး၊ ပုဂ္ဂိုလ်ရေးကြောင့်လည်း မဟုတ်ပါဘူး၊ အပြစ်မဲ့တဲ့ လူသားတွေကိုသတ်လို့ ထိုက်ထိုက်တန်တန် စီရင်ခဲ့တာပါ။ ရက်စက်စွာနဲ့ လူမဆန်စွာသတ်ဖြတ်ခဲ့လို့ အပြင်းထန်ဆုံး အပြစ်ပေးရတာပါ။ ခေါင်းစဉ်ပြောင်းပြီး ပြည်သူကိုချမနင်းပါနဲ့၊ ခုတုံးမလုပ်ပါနဲ့၊ ခေတ်သစ်အဟောအပြောတွေနဲ့ သွေးဆာပြချင်သူတွေအောက်မှာ သွေးမဆာပြကြပါနဲ့လို့ . . .

# ပြည်ထောင်စုနယ်မြေ နေပြည်တော် ဝန်ထမ်းအိမ်ရာများတွင် ခြင်ကျားနှင့် ပိုးလောက်လမ်းကင်းစင်ရေးအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၏ ဝန်ထမ်းအိမ်ရာများတွင် ခြင်ကျားနှင့် ပိုးလောက်လမ်းကင်းစင်ရေး လှုပ်ရှားမှုအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**သေဆုံးမှုရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက သွေးလွန်တုပ်ကွေးရောဂါသည် မြန်မာနိုင်ငံတွင် အဓိက ကူးစက်မြန်ရောဂါတစ်ခုဖြစ်ပြီး နှစ်နှစ်မှ သုံးနှစ်လျှင် တစ်ကြိမ်ဖြစ်ပွားမှုများပြားလေ့ရှိကြောင်း၊ နှစ်အလိုက် ဖြစ်ပွားမှုကိန်းဂဏန်းများအရ ၂၀၂၂ ခုနှစ်သည် ရောဂါဖြစ်ပွားမှုများပြားနိုင်သောကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နီးနွှယ်ဝန်ကြီးဌာနများကို ဖိတ်ကြားပြီး ဗဟိုအဆင့်လုပ်ငန်းညှိနှိုင်း အစည်းအဝေးတစ်ရပ်ကို မေ ၂၃ ရက်တွင် ကျင်းပခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားသူ ယခုနှစ် ဇူလိုင် ၁၆ ရက်အထိ ၁၀၇၆၆ ဦးနှင့် သေဆုံးသူ ၄၃ ဦးရှိပြီး ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဖြစ်ပွားမှုအများဆုံးဖြစ်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင်လည်း ဖြစ်ပွားမှုများနှင့် သေဆုံးမှုရှိကြောင်း။

သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ နေရာဒေသမရွေး ကျေးလက်နှင့် မြို့ပြများတွင်ပါ ဖြစ်ပွားနိုင်သဖြင့် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် ခြင်နှင့် ပိုးလောက်လမ်းပေါက်ပွားနိုင်သည့်နေရာများနှင့် ခြင်ခိုအောင်းနိုင်သည့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းတို့ကို စီမံချက်အသွင် စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများ၊ ကုသရေးလုပ်ငန်းများနှင့် သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သွေးလွန်တုပ်ကွေး ကာကွယ်နှိမ်နင်းရေးပစ္စည်းများနှင့် ပညာပေးစာစောင်များ၊ လုပ်ငန်းလမ်းညွှန်စာအုပ်များကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ဝန်ကြီးဌာနများ၏ ဝန်ထမ်းအိမ်ရာများတွင် ခြင်ကျားနှင့် ပိုးလောက်လမ်းကင်းစင်ရေး လှုပ်ရှားမှုအတွက် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်ကြောင့် ကူးစက်တတ်သည့်ရောဂါများ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နီးနွှယ်ဝန်ကြီးဌာနများ၏ ပူးပေါင်းပါဝင်မှုသည် အလွန်အရေးကြီးသည့်အတွက် ဝန်ကြီးဌာနများက ပါဝင်ဆွေးနွေးပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

**ဆွေးနွေး**

ထို့နောက် ခြင်ကျားနှင့် ပိုးလောက်လမ်းကင်းစင်ရေးလှုပ်ရှားမှု(Campaign)နှင့် စပ်လျဉ်း၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုကိုလည်းကောင်း၊ နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(ပြည်သူ့ကျန်းမာ) ဒေါက်တာအေးအေးမာက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား၊ သေဆုံးမှုနှင့် ဝန်ထမ်းအိမ်ရာများတွင် ခြင်ကျားနှင့် ပိုးလောက်လမ်းကင်းစင်ရေးလုပ်ငန်းဆောင်ရွက်မှုကိုလည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာနေရည်ရည်လင်းက ခြင်ကျားနှင့် ပိုးလောက်လမ်းနှိမ်နင်းရေးဆိုင်ရာ နည်းပညာများဖြစ်သည့် အဘိတ်(Abate) ဆေးခတ်ခြင်းနှင့် ခြင်ဆေးမှုတ်ခြင်းကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ပြီး ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ လူမှုရေးအဖွဲ့အစည်းများမှ တက်ရောက်လာသူများက ခြင်ကျားနှင့် ပိုးလောက်လမ်းကင်းစင်ရေး လှုပ်ရှားမှုတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သော ကွန်ပျူတာအခြေခံသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



**ရန်ကုန် ဇူလိုင် ၂၉**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သော အခြေခံကွန်ပျူတာကျွမ်းကျင်မှုသင်တန်း(၇/၂၀၂၂)၊ အဆင့်မြင့်ရုံးသုံး ကွန်ပျူတာကျွမ်းကျင်မှုသင်တန်း (၃/၂၀၂၂)နှင့် လက်တွေ့အသုံးချကွန်ပျူတာကျွမ်းကျင်မှု သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ e-Government ကော်မတီဝင်များ၊ သင်တန်း ဆရာ ဆရာမများ၊ သင်တန်းသူ သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က သင်တန်းဆရာ ဆရာမများအား ဂုဏ်ပြုချီးမြှင့်ငွေများကိုလည်းကောင်း၊ သင်တန်းတွင်ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ ရန်ကုန်မြို့တော်ဝန်၊ သယံဇာတရေးရာဝန်ကြီးနှင့် လူမှုရေးဝန်ကြီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ပြီး တိုင်းရင်းသားရေးရာဝန်ကြီးက သင်တန်းဆင်းလက်မှတ် ချီးမြှင့်ပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

---

☆ စာမျက်နှာ ၆ မှ

**ဓမ္မနဲ့အဓမ္မလား မှန်မှန်ကန်ကန်နှလုံးသွင်းစေချင်**

ဘယ်လိုအကြောင်းကြောင့်ဖြစ်ဖြစ် လူသေတာ၊ ဒဏ်ရာရတာ ဝမ်းသာစရာ မဟုတ်ပါဘူး။ ကိုယ်နဲ့ အမြင်မတူသူတစ်ဦးဦး ဆင်းရဲဒုက္ခရောက်တာ ဝမ်းသာစရာ သတင်းတစ်ခုမဟုတ်သလို ရာဇဝတ်သားတစ်ယောက်ဟာ သူကျူးလွန်တဲ့အမှု အတိမ်အနက်အလျောက် ထိုက်သင့်တဲ့ပြစ်ဒဏ်စီရင်ခံရတဲ့အခါမှာလည်း ဝမ်းနည်းပူဆွေးခြင်း ဖြစ်စရာမရှိပါဘူး။ ဘယ်ဟာက ဓမ္မ၊ ဘယ်ဟာက အဓမ္မဆိုတာသိတဲ့ ဆင်ခြင်တုံတရားမျိုးရှိတဲ့သူဆိုရင် ဝမ်းနည်းဝမ်းသာ ဘာကိုမှဖြစ်စရာမရှိဘူးထင်ပါတယ်။ ဗုဒ္ဓဘာသာဝင်တစ်ယောက်အနေနဲ့ နှလုံးသွင်းမှန်ပြီး မှန်မှန်ကန်ကန်နဲ့ ကံအပေါ်ဉာဏ်ဆင့်နိုင်ကြပြီဆိုရင်တော့ ကုသိုလ်တောင်တိုးပါသေးတယ်။

**နိုင်ငံတကာဗဟုသုတလည်းရှာကြပါ**

နိုင်ငံတကာရေးရာ ဗဟုသုတကိုလည်း လေ့လာကြစေချင်ပါတယ်။ ကမ္ဘာမှာ လူဦးရေအများဆုံးနဲ့ သေဒဏ်ပေးမှုအများဆုံးစာရင်းမှာရှိနေတဲ့ တရုတ်နိုင်ငံကြီးဟာ ဝေဖန်ခံရတာတွေများပေမယ့် ဂုဏ်ယူဖွယ်ရာ ရာဇဝတ်မှုဖြစ်ပွားမှု အနည်းဆုံးနိုင်ငံစာရင်းမှာ ပါဝင်နေတာကိုတော့ ဘယ်သူမှမငြင်းနိုင်ပါဘူး။ တရုတ်နိုင်ငံပြည်သူတွေဟာ အေးအေးချမ်းချမ်း လုပ်ကိုင်နိုင်၊ ရောင်းဝယ်ဖောက်ကားနိုင်ကြပြီး နိုင်ငံကလည်း ဖွံ့ဖြိုးတိုးတက်မှု အမြင့်ဆုံးမှာရှိနေတာ တွေ့ရပါတယ်။ ရာဇဝတ်ကင်းတော့ ဖွံ့ဖြိုးတိုးတက်တာပေါ့။ ယဉ်ကျေးဖွံ့ဖြိုးတဲ့ နိုင်ငံတွေမှာ အကြမ်းဖက်ရာဇဝတ်ပြစ်မှုတွေကို ဘယ်လိုသဘောထားကြပါသလဲ၊ လေ့လာနားစွင့်ဖတ်ရှုကြဖို့ လိုအပ်တာလည်း တွေ့ရပြန်ပါတယ်။

**ခံခဲ့ရသူတွေဘက်ကလည်း ပြန်ပြီးခံစားနားလည်ပေးကြပါ**

သေဒဏ်ပေးတာနဲ့ပတ်သက်ရင် အငြင်းပွားစရာတော့ အမြဲရှိနေတတ်ပါတယ်။ ကျင့်သုံးတဲ့နိုင်ငံတွေရှိသလို ပယ်ဖျက်ပြီး မကျင့်သုံးတော့တဲ့ နိုင်ငံတွေလည်းရှိပါတယ်။ သေဒဏ်ပေးတာကောင်းလားဆိုရင်တော့။ ဒီအချက်အပေါ်မှာ အကြီးအကျယ် ထောက်ခံနေတာတော့လည်း မဟုတ်ပါဘူး။ ကာလံ/ဒေသံအပေါ်တော့ မူတည်တာပေါ့။ ယခုမြန်မာနိုင်ငံမှာ ဖြစ်နေတာတွေက အရေးပေါ်ကာလမှာ ဖြစ်ပျက်နေတဲ့အရာတွေ၊ အကြမ်းဖက်ရာဇဝတ်ပြစ်မှုတွေထူပြောပြီး မငြိမ်းချမ်းမအေးချမ်းတဲ့ အခြေအနေအချို့အောက်မှာ ရှိနေတာပါ၊ တည်ငြိမ်အေးချမ်းမှုနဲ့ တရားဥပဒေစိုးမိုးမှုကို လိုလားတောင့်တနေတဲ့ ပြည်သူအများစုကြီးရဲ့ အလိုဆန္ဒဘက်ကလည်း မြင်ကြည့်ခံစားကြည့်ရပါလိမ့်မယ်။ ခံခဲ့ရတဲ့သူတွေ အကြမ်းဖက်တွေရဲ့ အသတ်ခံရတာတောင်မှ မိမိကိုပြန်ပြီး ရန်မူမှာစိုးလို့ ထုတ်မပြောဝံ့၊ ကြိတ်မှိတ်ပူဆွေးခဲ့ရသူတွေ၊ အသတ်ခံခဲ့ရတဲ့ မိသားစု ဆွေမျိုးသားချင်းတွေဘက်ကိုလည်း သူတို့ရဲ့နစ်နာဆုံးရှုံးမှုတွေ၊ ဝမ်းနည်းပူဆွေးမှုတွေ၊ ပေးခဲ့ရတဲ့အသက်တွေအတွက် လူသားချင်းစာနာစိတ်များနဲ့အတူ ပြေးမြင်ခံစားကြည့်ကြဖို့ လိုမယ်ထင်ပါတယ်။

တို့မြန်မာတွေအနေနဲ့ ရင့်ကျက်မှုအတိုင်းအတာကို ပြသင့်နေပါပြီ။ ယခုလို သေဒဏ်စီရင်မှုတွေဟာ မျက်မှောက်ကာလမှာတော့ အတိုင်းအတာတစ်ခုအထိ ဆက်ရှိနေဦးမယ်ထင်ပါတယ်။ အကြမ်းဖက်မှုတွေမချုပ်သိမ်းသေးသမျှ ရာဇဝတ်မှုတွေရှိနေသေးသမျှပေါ့။ ယခင်ကတော့ တော်လှန်ရေးခေါင်းစဉ်အောက်၊ ယခုတော့ အကြမ်းဖက်နာမည်နဲ့ အကြမ်းဖက်ကနေ ဓားပြတိုက် လူသတ်တဲ့အဆင့်တောင် ကူးပြောင်းလာနေပါပြီ။ စားဝတ်နေရေးတင်မက လုံခြုံရေးကိုပါ ဦးစားပေးစဉ်းစားလာနေရတဲ့ အခြေအနေမှာတော့ ပြင်းထန်တဲ့အပြစ်ပေးစီရင်ချက်တွေကို ဆက်ပြီးကြားနေရဦးမယ်ထင်ပါတယ်။ နှလုံးသွင်းရမှာက ဒီမိုကရေစီအတွက် ကျဆုံးတာလား၊ နိုင်ငံရေးလုပ်လို့ သေဒဏ်ပေးခံရတာလား၊ ဘာမှမဆိုင်တဲ့ အပြစ်မဲ့လူ့အသက်တွေကို တန်ဖိုးမထားရက်ရက်စက်စက်သတ်ဖြတ်လို့လား ခွဲခြားနားလည်သိမြင်နိုင်စွမ်းမွေးကြဖို့တော့ လိုအပ်နေပါတယ်။ ဒါကြောင့်လည်း ယခုလို လိုအပ်ချက်တွေနဲ့အတူ..

တရားမျှမျှတတနဲ့ မတွေးတတ် မမြင်တတ်သေးသူတွေရှိနေသေးတဲ့၊ ယဉ်ကျေးပါတယ်ဆိုတဲ့ လူ့အဖွဲ့အစည်းကြီးတစ်ခုမှာ ယခုထက်ပိုပြီး အပိုင်းပိုင်းကွဲပြား မခြားနားသွားစေချင်တဲ့ စေတနာအမှန်နဲ့အတူ ဓမ္မနဲ့အဓမ္မကို မှန်မှန်ကန်ကန်နဲ့ သိမြင်သုံးသပ်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။ ။

# မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကျင်းပ

**မန္တလေး ဇူလိုင် ၂၉**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေခရိုင် ချမ်းမြသာစည်မြို့နယ်ရှိ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်(MIIT) မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ တက်ရောက်ကြသည်။



အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်က တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့်ပညာရေး မြင့်မားရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်း၊ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်မှာ နိုင်ငံတကာအဆင့်မီ ITပညာရပ်များ လေ့လာသင်ယူနိုင်သောအခွင့်အလမ်းများရရှိနိုင်သည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ ဒစ်ဂျစ်တယ်စီးပွားရေးအခြေခံအဆောက်အအုံများ တည်ဆောက်ရာတွင် ကွန်ပျူတာပရိုဂရမ်အင်ဂျင်နီယာနှင့် အီလက်ထရောနစ်ဆက်သွယ်ရေး အင်ဂျင်နီယာများကို မွေးထုတ်ပေးရာနေရာ တစ်ခုလည်းဖြစ်ကြောင်း၊ ဆရာ ဆရာမများအနေဖြင့် သင်ကြားရေးပိုင်းနှင့် စီမံခန့်ခွဲမှုပိုင်းတို့တွင် ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်ထားပြီး အကောင်းဆုံးစိတ်ဓာတ်၊ အကောင်းဆုံးအရည်အချင်းတို့ဖြင့် စည်းလုံးညီညွတ်စွာ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ် တိုးတက်အောင်မြင်ရေးအတွက် တက္ကသိုလ်နှင့် လက်တွေ့လုပ်ငန်းခွင် ချိတ်ဆက်မှုအားကောင်းစေရန် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နှစ်အလိုက် ကျောင်းသားကျောင်းသူများ၏တေးသီချင်း သရုပ်ဖော်အကများဖြင့် ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အခမ်းအနားအတွက် ဂုဏ်ပြုငွေကျပ်သိန်း ၂၀ နှင့် တက္ကသိုလ်များ အားကစား အဆင့်အတန်းမြင့်မားရေးအတွက် အားကစားပစ္စည်းများကို ပေးအပ်ခဲ့ပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပါမောက္ခချုပ်၊ ပါမောက္ခ (ဌာနမှူး) များ၊ သင်ကြားရေးဆရာဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကျောင်း၏လိုအပ်ချက်များ၊ ဆရာ ဆရာမများ၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**လွိုင်ကော် ဇူလိုင် ၂၉**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် (လွိုင်ကော်) ဒေသကွပ်ကဲရေးမှူးတို့လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ တပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ စစ်သည်နှင့် မိသားစုဝင်များကို သွားရောက်အားပေးစကား ပြောကြားသည်။

တပ်မတော် ဆေးရုံတွင် တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသည့်အရာရှိ စစ်သည်နှင့် မိသားစုဝင်များကို ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဆေးရုံအတွင်းရှိ ဆေးကုသဆောင်များသို့ သွားရောက်၍ ဆေးကုသလျက်ရှိသောလူနာများအား ကြည့်ရှု၍ လူနာတစ်ဦးချင်း၏ ရောဂါအခြေအနေများကို မေးမြန်းကာ အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**ကျိုက်ထို ဇူလိုင် ၂၉**

ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာမတည်ရန်ပုံငွေ (VEFP)စီမံကိန်းချေးငွေများအား Type – 1 ကျောက်ရေကန်ကျေးရွာ၊ မဲရုံးကြီးကျေးရွာ၊ ဆောင်နိုင်ဂွကျေးရွာ၊ ပိတောက်ကုန်းကျေးရွာနှင့် Type –3 ပိန္နဲကုန်းကျေးရွာတို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် လူဦးရေ ၆၃၆ ဦးကို ထုတ်ချေးငွေကျပ်သန်းပေါင်း ၁၃၈ ဒသမ ၆၆ အား ဇူလိုင်လ တတိယအပတ်တွင် ပြန်လည်ထုတ်ချေးပေးခဲ့သည်။

ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းချေးငွေများကို ပြန်လည်ထုတ်ချေးရာတွင် ကိုဗစ်–၁၉ ရောဂါကျန်းမာရေးအသိပညာပေး ညွှန်ကြားချက်များနှင့်အညီ ကြိုတင်ပြင်ဆင်ပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကြီးကြပ်မှုကော်မတီဝင် ဖြစ်သည့် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

** ၂၂**

## ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းဆောင်ရွက်

**မုံရွာ ဇူလိုင် ၂၉**

ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများအောင်မြင်ရေးညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်း ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အုပ်ချုပ်ရေးနှင့် စည်းရုံးရေးဆိုင်ရာလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ကြရန်လိုအပ်ကြောင်း၊ ခရိုင်/မြို့နယ်များအတွင်းရှိ တာဝန်ရှိသူများအနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအတွင်းရှိ ကလေးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ခန္တီးခရိုင်တို့မှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လည်းကောင်း၊ မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က မိမိတို့ခရိုင်များအတွင်းရှိ ခရိုင်/မြို့နယ်များ၏ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ Power Point ဖြင့် အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးလမ်းပန်းဆက်သွယ်ရေးဝန်ကြီးရဲမှူးကြီးဉာဏ်မြင့်ကျော်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့တက်ရောက်လာကြသူများက တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## မအူပင်မြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းနှင့် တစ်ဧကအထွက်နှုန်း တင်း ၁၀၀ ထွက်ရှိရန် ဧက ၁၀၀ စံပြကွက် ကွင်းပိတ်ပွဲဆောင်ရွက်

**မအူပင် ဇူလိုင် ၂၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးစပါးရာသီတွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သော ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်းနှင့် တစ်ဧက တင်း ၁၀၀ အထွက်နှုန်းထွက်ရှိရန် ဧက ၁၀၀ စံပြကွက်တွင် ကွင်းပိတ်ခြင်းအခမ်းအနားကို မအူပင်မြို့နယ် ငါးကြီးဂရက်ကျေးရွာ နည်းပညာပြန့်ပွားရေးစင်တာ၌ ယမန်နေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသန်းအောင်စန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ် စိုက်တိုးမြှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။ ခရိုင်စက်မှုလယ်ယာဦးစီးမှူး ဦးသန်းဇော်ဦးက လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး မအူပင်ခရိုင်တွင် ကောက်စိုက်စက်ဖြင့် ၅၅ ဧက စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄) ဖြင့် ၂၀၁၄ ခုနှစ် အောက်တိုဘာလ ၁၀ ရက်တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ (၂၇-၇-၂၀၂၂) ရက်နေ့က ပြုလုပ်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးတွင် (၂၃-၅-၂၀၂၂) ရက်နေ့မှ (၁၅-၇-၂၀၂၂) ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ နှစ်ဦးကိုလည်းကောင်း၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ဂျာနယ်နှစ်ဦး၊ အထွေထွေ ၁၈ ဦး ပေါင်း ၂၀ ကိုလည်းကောင်း အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးရန် ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် (၁၀-၁၀-၂၀၁၄) ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၆၉၈ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၃၁၈၀ နှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၉၅ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၅၂၇၃ ဦးကို အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပြီးဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန

## တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ထားဝယ် ဇူလိုင် ၂၉

တနင်္သာရီတိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဒေသဆိုင်ရာခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ခရီးသွားလုပ်ငန်းများ၏ ဆောင်ရွက်ချက်များကို လေ့လာသုံးသပ်ပေးသွားမည်ဖြစ်ပြီး ဆောင်ရွက်ပေးရမည့်လုပ်ငန်းများဖြစ်သည့် ဟိုတယ်လုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများ စသည်တို့ကို ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း၊ ယခင်ကပွင့်လင်းရာသီကာလရောက်ရှိချိန်တွင် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းသည် အားထားရသောလုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ယခုအချိန်၌ အကြောင်းအမျိုးမျိုးကြောင့် ခရီးသွားလုပ်ငန်းများ နှောင့်နှေးကြန့်ကြာလျက်ရှိနေသည်ကိုတွေ့ရကြောင်း၊ ကော်မတီဝင်များအနေဖြင့် ခရီးသွားလုပ်ငန်းများတွင် အကောင်းဆုံးအတိုင်းအတာတစ်ခုအထိရောက်ရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမောင်ကြီးက ဒေသဆိုင်ရာခရီးသွားလုပ်ငန်းအဖွဲ့ဝင်များ အနေဖြင့် တိုင်းဒေသကြီးအတွင်း ဆက်စပ်ဆောင်ရွက်နေသော ဝန်ဆောင်မှုအမျိုးအစားအလိုက် စီးပွားရေးလုပ်ငန်းများအပေါ်တွင် လုပ်ငန်းလိုင်စင်များ စိစစ်ခွင့်ပြုပေးနိုင်ရန်အတွက်ဝိုင်းဝန်းညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများက မိမိတို့တာဝန်ခံဆောင်ရွက်နေသော လုပ်ငန်းနယ်ပယ်အသီးသီးတွင် တွေ့ကြုံရင်ဆိုင်နေသူများ ဖြစ်သောကြောင့် တိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းကဏ္ဍ စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်ရန် ကာလတို ကာလရှည်အဖြစ် ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း တင်ပြဆွေးနွေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးရဲအောင်မိုးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ကော်မတီက ဆုံးဖြတ်ပေးရမည့် ဝန်ဆောင်မှု ကဏ္ဍအလိုက် လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းဆိုင်ရာ အမှာစာများကို ရှင်းလင်းတင်ပြရာ ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးတင်ပြခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဆွေးနွေးချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ရင်းနှီးချစ်ကြည် ငြိမ်းချမ်းမည်

☆ ရေကြည်မြက်နု၊ အမှီပြုလျက်
လှည့်ရှုလူသား၊ တွေ့သော်ငြားမို့
ဆွေများပမာ၊ ရင်းနှီးလာ၍
ဖြစ်ရာကြောင်းကျိုး၊ ကောင်းအဆိုးကို
မျှော်ကိုးတိုင်ပင်၊ စည်းလုံးသွင်ဖြင့်
ခင်မင်ယှက်နွယ်၊ ချစ်ကြည်သွယ်မှ
အံ့ဖွယ်တိုင်းရွာ၊ ဝပြောသာတည်း။

☆ တစ်နယ်မှသည်၊ တစ်နယ်ဆီသို့
ခွန်းသီဆင့်ကြား၊ ကောင်းကျိုးပွားလျက်
မှတ်သားလိုက်နာ၊ နည်းသွယ်ပါလျှင်
လွန်စွာတန်ဖိုး၊ အနှုတ္တတိုး၍
ဖွံ့ဖြိုးဝေဆာ၊ ပြည်တိုင်းသာမည်
မေတ္တာသက်ဆင်း၊ ချစ်ကြည်ခြင်းတည်း။

☆ လူသားတို့ရွာ၊ ဤကမ္ဘာတွင်
ပညာဖလှယ်၊ နိုင်ငံသွယ်လျှင်
ပြည့်ကြွယ်စွမ်းရည်၊ ထက်မြက်ပေလျက်
တက်လေစီးပွား၊ ပြည်ထွန်းကား၍
နှောင်လာခေတ်မီ၊ နေ့သစ်ဆီသို့
တူညီလှမ်းကြ၊ တီထွင်ဆနှင့်
သိပ္ပံမချန်၊ နည်းလမ်းမှန်ဖြင့်
တွန်းလှန်ဆိုးကျိုး၊ ကောင်းရာတိုးမို့
တန်ဖိုးမြင့်မှာ၊ ကမ္ဘာ့ရွာတည်း။

☆ အပြည်ပြည်ဆိုင်ရာ၊ ချစ်ကြည်ပါမှ
ကမ္ဘာတစ်ဝန်း၊ မေတ္တာလွှမ်း၍
ငြိမ်းချမ်းသာယာ၊ လူ့ပြည်ရွာတည်း။ ။

နုခန့်ယဉ်(ရစ်ကန်ကြီး)

## တပ်မတော် တပ်ရင်း / တပ်ဖွဲ့အသီးသီးမှ အရာရှိ စစ်သည်၊ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၊ ဂုဏ်ပြုစားပွဲ အတူတကွသုံးဆောင်

နေပြည်တော် ဇူလိုင် ၂၉

ရဲဘော်စိတ်ဟူသည် ရဲဘော်အချင်းချင်းအပေါ်ထားရှိသော မေတ္တာတရား၊ သံယောဇဉ်တရား၊ သစ္စာစောင့်သိမှုတရားပင်ဖြစ်သည်နှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အရာရှိ၊ စစ်သည် အဆင့်အတန်းအားလုံး ရဲဘော်စိတ် အပြည့်ထားရှိပြီး အထက်အောက်ညီညွတ်မျှတသည့် အုပ်ချုပ်မှုစနစ်ရှိရန် လိုအပ်ကြောင်း တပ်မတော်အကြီးအကဲက လမ်းညွှန်မှာကြားထားသည်ဖြစ်ရာ အုပ်ချုပ်မှု ညီညွတ်မျှတစေရန်အတွက် ကွပ်ကဲအုပ်ချုပ်ရာ၌ တပ်မှူးကောင်းစိတ်ဓာတ် (Commander Spirit)၊ ဖခင်သဖွယ်စိတ်ဓာတ် (Fatherly Spirit) တို့ဖြင့် ကွပ်ကဲအုပ်ချုပ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ်နှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများသို့ သွားရောက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်ပေး၍ တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့်အတူတကွ လက်ရည်တစ်ပြင်တည်း သုံးဆောင်ခဲ့ကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်များအလိုက် တပ်နယ်အသီးသီးမှ တပ်မတော်အရာရှိကြီးများကလည်း ၎င်းတို့၏ ကွပ်ကဲမှုများအလိုက် တပ်ရင်း/တပ်ဖွဲ့များနှင့် နယ်မြေခံသင်တန်းကျောင်းများမှ အရာရှိ၊ စစ်သည်၊ မိသားစုများကို ရင်းရင်းနှီးနှီး



တွေ့ဆုံနှုတ်ဆက်ပြီး ဂုဏ်ပြုစားပွဲများ ပြုလုပ်၍ မိသားစုများနှင့် အတူတကွသုံးဆောင်ခဲ့ကြောင်း တက်ရောက်အားပေးကာ အရာရှိ၊ စစ်သည်၊ သိရသည်။

သတင်းစဉ်

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

**☆ ယခင်က ကြိုဆိုလက်ခံရေးစခန်းများ၊ လုံခြုံရေးအဖွဲ့အစည်းများ၌ လက်ခံရုံတင်မက ယခုဒေသမြို့နယ်ဆိုင်ရာ ကြက်ခြေနီအသင်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၊ လူမှုဝန်ထမ်းရုံးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် လူမှုကူညီရေးအသင်းများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် လက်ခံဆောင်ရွက်နေကြောင်း၊ တံခါးကျယ်ကျယ်ဖွင့်ထားသဖြင့် ရဲရဲသာလျှောက်လှမ်းခဲ့ကြပါဟု မေတ္တာရပ်ခံလို**

**☆ အရှုံးမပေးသရွေ့ ငါတို့နိုင်တယ်ဆိုသည့်မှုကိုသာ လက်ကိုင်ထားပြီး တောထဲ၌ မိမိတို့၏အနာဂတ်ကိုအဆုံးရှုံးခံမလား၊ အသိတရားကယ်၍ ငါတို့အရင်လိုအေးချမ်းမယ်ဆိုသည့်မှုကို လက်ကိုင်ထားပြီး ကမ်းသည့်လက်ကို လှမ်းချင်ကြသလား ဆိုသည်ကို မှန်ကန်သည့် ရွေးချယ်ဆုံးဖြတ်မှုများ ဆောင်ရွက်ရမည်**

(ယမန်နေ့မှအဆက်)

NUG အမည်ခံအကြမ်းဖက်အဖွဲ့မှ ခေါင်းဆောင်ဟုအမည်ခံထားသည့် အချို့လူများက လူမြင်ကောင်းအောင် တောထဲမှအကြမ်းဖက်များထံသွား၍ ခေတ်ပုံရိုက်၊ လိုင်းပေါ်တင်ပြီး တော်လှန်ရေးနှင့်အတူ၊ PDF များနှင့်အတူ၊ ပြည်သူများနှင့်အတူဟုဆိုပြီး ဟိုကြည့်၊ ဒီကြည့်လုပ် သက်သေပြရန်ကိုမျှ လူတိုင်းလုပ်တတ်ကြောင်း၊ မနက်ပိုင်းတစ်ပိုင်းခန့်အချိန်ပေးလိုက်လျှင်ပင်ရကြောင်း၊ ၎င်းတို့၏ သား၊ သမီးများထဲမှ PDF များနှင့်အတူ တာဝန်ထမ်းဆောင်နေသူတစ်ယောက်မျှမရှိကြောင်း၊ အကုန်နိုင်ငံခြားရောက်နေကြသည်ဟု မျှော်လင့်ပါကြောင်း၊ အေးချမ်းသည့်နေရာရောက်နေကြကြောင်း၊ လူငယ်များကိုအားပေးထောက်ပံ့သည်ဟု အမည်ခံ၍ မြှောက်ပင့်ပေးနေကြောင်း၊ လူငယ်များ၏အနာဂတ်ကို အသိမှားများနှင့်ဖုံးအုပ်ပြီး ရိုက်ချိုးနေခြင်းဖြစ်ကြောင်း၊ အရေးမပါသည့် ခံယူချက်အမှားများကြောင့် လူငယ်များ မသေသင့်ဘဲသေနေရသည်ကို တွေ့ရကြောင်း၊ လူငယ်များကို တစ်ခုပြောလိုကြောင်း၊ စဉ်းစားရန်၊ ဆုံးဖြတ်ရန်၊ တွေးတောဆင်ခြင်နိုင်သည့်၊ ချင့်ချိန်မြော်တွေးနိုင်သည့်ဉာဏ်များရှိကြရန် မေတ္တာရပ်ခံလိုကြောင်း။

### PDF လူငယ် ၂၅၀ ခန့်ကို လက်ခံပြီးဖြစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လူငယ်များကို သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးနေသည့်အချိန်ဖြစ်ကြောင်း၊ ပြန်လည်လက်ခံခဲ့ရာတွင် ယခုအချိန်အထိ PDF လူငယ် ၂၅၀ ခန့်ကို လက်ခံပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ပြန်လည် လက်ခံရာတွင် ၂၃၀ တရားဝင် ပြန်လည်ဝင်ရောက်လာပြီးဖြစ်ကြောင်း၊ ၂၅၀ ဟုဆိုရာတွင် နောက်ထပ်ဝင်ရောက်လာသူများကို မိမိတို့စစ်ဆေးနေသည့်သူများရှိကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ အချို့သောမီဒီယာများကလည်း အမျိုးမျိုးရေးသားနေကြကြောင်း၊ ၎င်းတို့ကို တစ်ဖက်အဖွဲ့အစည်းများက ရေးသားခိုင်းသဖြင့် ရေးနေကြခြင်းဖြစ်ကြောင်း၊ ယခုပြန်လည်ဝင်ရောက်လာသူများမှာ PDF များမဟုတ်ဘဲ အတုများဖြစ်သည်ဟု ရေးကြကြောင်း၊ ထို့ကြောင့် Video File တစ်ခုကို ပြသမည်ဖြစ်ကြောင်း၊ ထို Video File တွင်ပါဝင်သည့်ပုဂ္ဂိုလ်မှာ မကြာမီရက်ပိုင်းအတွင်းက PDF အဖွဲ့မှ အလင်းဝင်ရောက်လာသည့် ငပုတောမြို့နယ် မဲဆန္ဒနယ်အမှတ်(၂)မှ NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်းဖြစ်ကြောင်း၊ ၎င်း၏နာမည်မှာ သက်ပိုင်ဇင်ဖြစ်ကြောင်း၊ ဇူလိုင် ၂၁ ရက်တွင် ပြန်လည်အလင်းဝင်ရောက်ခဲ့သူဖြစ်ကြောင်း ပြောကြား၍ Video File ကို ပြသသည်။

ယခုပြသသည့်ပုံကိုကြည့်ပါက အမှန်တကယ်ဟုတ်၊ မဟုတ် သိနိုင်မည်ဖြစ်ကြောင်း၊ အချို့လူငယ်များကိုပြလျှင် မဟုတ်ဘူးဟု ငြင်းချက်ထုတ်ကြဦးမည်ဖြစ်ကြောင်း၊ ၎င်းသည် ငပုတောမြို့နယ် NLD တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ်ဟောင်းဖြစ်ကြောင်း၊ ကိုသက်ပိုင်ဇင်ဖြစ်ကြောင်း၊ ဇူလိုင် ၂၁ ရက်တွင် တောထဲကိုရောက်၍စစ်သင်တန်းတက်ရောက်ခဲ့သူဖြစ်ကြောင်း၊ ၎င်းကိုယ်တိုင်ပြောဆိုခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့၏ စစ်ဆေးမေးမြန်းချက်များအရ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသည်ကိုလည်း စစ်ဆေးတွေ့ရှိရကြောင်း၊ မိမိတို့လက်ခံနေသည်ဆိုသည့် ကိစ္စသည် အလိမ်အညာဖြစ်သည်ဟုပြောနေကြသည့် မီဒီယာများကို မည်သည့်အချက်အလက်များကို သက်သေအထောက်အထားပြု၍ အလိမ်အညာများဟု ပြောနေသည်လဲဟုမေးလိုကြောင်း၊ ၎င်းတို့ ထိုသို့ပြောနေကြခြင်းမှာ PDF အကြမ်းဖက်အဖွဲ့များထဲမှ ပြန်လည်ဝင်ရောက်လာသည့်လူငယ်များကို အမှောင်တိုက်ထဲ ပိုရောက်အောင် တွန်းပို့နေသည်ဟုသာ မိမိပြောလိုပါကြောင်း၊ ထိုသို့ ပြန်လည်ဝင်ရောက်ရန်အတွက် အချို့ဆက်သွယ်လိုသော်လည်း အနှောင့်အယှက်များ၊ အခက်အခဲများ၊ ယုံကြည်စိတ်ချရမှုနှင့်ပတ်သက်၍ သံသယရှိနေမှုများရှိနေသည်ကို မိမိတို့ကြားသိရပါကြောင်း၊ တချို့သော တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသည့် မီဒီယာများနှင့် တချို့သော တိုင်းရင်းသားပြည်သူများက အထက်ပါအခက်အခဲတချို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့်လက်ခံပေးရန် မိမိတို့ကိုပြောကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ထံကိုလည်း ထိုသတင်းများရောက်ပါကြောင်း။

ထို့ကြောင့် အစိုးရအနေဖြင့် ယခင်က ကြိုဆိုလက်ခံရေးစခန်းများ၊ လုံခြုံရေးအဖွဲ့အစည်းများ၌ လက်ခံရုံတင်မက ယခုဒေသမြို့နယ်ဆိုင်ရာ ကြက်ခြေနီအသင်းများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းများ၊ လူမှုဝန်ထမ်းရုံးများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်နေသည့် လူမှုကူညီရေးအသင်းများမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့် လက်ခံဆောင်ရွက်နေကြောင်း၊ တံခါးကျယ်ကျယ်ဖွင့်ထားသဖြင့် ရဲရဲသာလျှောက်လှမ်းခဲ့ကြပါဟု မေတ္တာရပ်ခံလိုပါကြောင်း၊ အသင်းအဖွဲ့များအနေဖြင့်လည်း မိမိတို့၏ ရင်သွေးငယ်များကို စေတနာထား လက်ခံစောင့်ရှောက် လမ်းမှန်ပြပေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ယခုလည်း လူငယ်အချို့သည် အသိတရားရသဖြင့် အမှောင်မှအလင်းကို ကူးပြီး မိဘရင်ခွင်၊ အေးချမ်းခြင်းရင်ခွင်ကို ပြန်လည်ခိုလှုံနေကြပြီဖြစ်ကြောင်း၊ အရှုံးမပေးသရွေ့ ငါတို့နိုင်တယ်ဆိုသည့်မှုကိုသာ လက်ကိုင်ထားပြီး တောထဲ၌ မိမိတို့၏အနာဂတ်ကိုအဆုံးရှုံးခံမလား၊ အသိတရားကယ်၍ ငါတို့အရင်လိုအေးချမ်းမယ်ဆိုသည့်မှုကို လက်ကိုင်ထားပြီး ကမ်းသည့်လက်ကို လှမ်းချင်ကြသလားဆိုသည်ကို မှန်ကန်သည့် ရွေးချယ်ဆုံးဖြတ်မှုများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

### ဒါနမြောက်/ မမြောက်ကိုမှု ဆန်းစစ်ကြရမည်

မိမိတို့ မြန်မာပြည်သူလူထုများသည် အလှူအတန်းရက်ရောကြကြောင်း၊ စေတနာ၊ သဒ္ဓါတရားအလွန်ထွန်းကားကြောင်း၊ လိမ်ညာပြီးအလှူခံလျှင်လည်း လှူလိုက်ကြသည်ကို တွေ့ရကြောင်း၊ လှူဒါန်းမှုတစ်ခု ဒါနမြောက်/ မမြောက်ကိုမှု ဆန်းစစ်ကြရမည်ဖြစ်ကြောင်း၊ အနီးစပ်ဆုံးဖြစ်စဉ်များကို သိနိုင်ရန်ပြောမည်ဖြစ်ကြောင်း၊ ဇူလိုင် ၁၁ ရက်က ရက်စက်စွာသတ်ဖြတ်ခံလိုက်ရသည့် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်မှ ဆရာတော် ဉူးကုသလ၏ လည်ပင်းကိုဖောက်ဝင်ခဲ့သည့်ကျည်ဆန်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်မှ ဘဏ်ကို ငွေလာထုတ်သည့် အသက် (၂၀) အရွယ် အမျိုးသမီးတစ်ဦးကို သေနတ်နှင့်ပစ်ခဲ့သည့်အတွက် ၎င်း၏ဝဲချိုင်းအောက်ဖောက်ဝင်ခဲ့ပြီး သေဆုံးစေခဲ့သည့်ကျည်ဆန်၊ ဇူလိုင် ၁၃ ရက်က မြေနီကုန်းခုံးကျော်တံတားအောက်တွင် အပြစ်မဲ့အမျိုးသမီးတစ်ဦးသေဆုံးပြီး အမျိုးသား၊ အမျိုးသမီးပေါင်း ၁၀ ဦး ထိခိုက်ဒဏ်ရာရခဲ့ရသည်အထိ ရမ်းသန်းပစ်ပေါက်ခဲ့သည့်လက်ပစ်ဗုံးသုံးလုံး၊ ကန့်ဘလူမြို့နယ်နှင့် မြိတ်မြို့နယ်တို့တွင် ခရီးသည်တင်မော်တော်ယာဉ်များတွင် လိုက်ပါစီးနင်းခဲ့သည့် အမျိုးသမီးတစ်ဦး သေဆုံးပြီး ၁၁ ဦးဒဏ်ရာရသည်အထိ ပေါက်ကွဲခဲ့သည့် လက်လုပ်မိုင်းများသည် ခင်ဗျားတို့၏ ငွေကြေးအလှူများကြောင့် ဝယ်ယူရရှိခဲ့သည်ဆိုလျှင် ခင်ဗျားတို့အလှူအတွက် ဝမ်းမြောက်ဝမ်းသာ သာခုခေါ်နိုင်ကြမည်လားဟု မေးလိုကြောင်း၊ ထိုသုံးများ၊ ဘုံးများကို လှူတိုင်းတောင်းသည့်ဆုအရေးတော်ပုံကြီးသည် အပြစ်မဲ့သူများကို သေကျေပျက်စီးစေပြီး အောင်မြင်နိုင်မည်ဟု ယုံကြည်ပါသလား၊ လှူလိုက်သည့်အလှူအတွက် စိတ်အေးချမ်းသာအိပ်စက်နိုင်ကြပါမည်လား၊ နဖူးပေါ်ကိုပဲလက်တင်တင်၊ လက်ပေါ်ပဲနဖူးတင်တင် သေသေချာချာစဉ်းစားကြရန် မေတ္တာရပ်ခံလိုကြောင်း ရှင်းလင်းပြောကြားသည်။

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ယခုသတင်းစာရှင်းလင်းပွဲတွင် ရှင်းလင်းတင်ပြမည့်အကြောင်းအရာများအနေဖြင့် (က)ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို စစ်ဆေးဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ (ခ)မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းများ အပါအဝင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ဖြစ်ပါကြောင်း။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇ အရ စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ရာတွင် ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီများ ဖြစ်လာစေရန်နှင့် ယခင်က မစစ်ဆေးနိုင်ခဲ့သည့် နိုင်ငံရေးပါတီများကို စစ်ဆေးရန်လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီများ၏ စာရင်းများကို စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၁၈ တွင်လည်း **"ပါတီတစ်ခု၏စာရင်းများကို စစ်ဆေးရန် လိုအပ်လျှင် ကော်မရှင်က စစ်ဆေးနိုင်သည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အားလည်း စစ်ဆေးစေနိုင်သည်။ ယင်းသို့စစ်ဆေးရာတွင် ကော်မရှင် သို့မဟုတ် ကော်မရှင်အဖွဲ့ခွဲသည် အစိုးရဌာန၊ အဖွဲ့အစည်းများထံမှ အကူအညီရယူနိုင်သည်"**ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း။

### ဥပဒေနှင့်အညီ စစ်ဆေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ စစ်ဆေးရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဦးဆောင်ပြီး သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များနှင့် သက်ဆိုင်ရာနိုင်ငံရေးပါတီဌာနချုပ် အခြေစိုက်သည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် စစ်ဆေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့စစ်ဆေးရာတွင် နိုင်ငံရေးပါတီများ၏ ဖွဲ့စည်းမှု၊ ပါတီဝင်အင်အားစာရင်းနှင့် ပါတီရုံးခန်းများ ဖွင့်လှစ်ထားရှိမှုတို့ကိုစစ်ဆေးခြင်း၊ ပါတီဝင်ကြေး၊ လစဉ်ကြေးများ၊ ပြည်တွင်းအလှူရှင်များက လှူဒါန်းသောငွေကြေး၊ ပစ္စည်းစာရင်းနှင့် ပါတီပိုင်စီးပွားရေးလုပ်ငန်းများကို စစ်ဆေးခြင်း၊ ပါတီစည်းမျဉ်းနှင့်အညီ သတ်မှတ်ထားသော အသုံးစရိတ်များ သုံးစွဲခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပါတီပိုင်ရန်ပုံငွေ၊ ပါတီပိုင်ပစ္စည်းများနှင့်ပတ်သက်သည့် စာရင်းဇယား၊ မှတ်တမ်းများအား စနစ်တကျ ပြုစုထိန်းသိမ်းထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပါတီကိုယ်စားပြု၍ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်းများ၏ ရွေးကောက်ပွဲအသုံးစရိတ်များကို စနစ်တကျ ပြုစုထိန်းသိမ်းထားခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊ ပါတီ၏ နှစ်စဉ် ငွေစာရင်းရှင်းတမ်းများကို ဘဏ္ဍာရေးနှစ်အလိုက်ရေးဆွဲခြင်း၊

**စာမျက်နှာ ၁၁ သို့** ★





ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ ဆောက်လုပ်နေမှုကို တွေ့ရစဉ်။

★ စာမျက်နှာ ၁၀ မှ

ပါတီပိုင်ပစ္စည်းများနှင့်စပ်လျဉ်းပြီး နှစ်ချုပ်စာရင်း ပြုစုခြင်း၊ ယင်းစာရင်းများကို ပါတီတွင်း စာရင်းစစ် ကော်မတီထားရှိစစ်ဆေးခြင်း၊ ပါတီစည်းမျဉ်းစည်းကမ်းနှင့်အညီ အတည်ပြုချက်ရယူခြင်းတို့ဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်းအပါအဝင် လိုအပ်သည့် စာရင်းဇယားများကို စစ်ဆေးခဲ့ခြင်းဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် နိုင်ငံရေးပါတီများ စစ်ဆေးခြင်းကို ဆက်လက် ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၄ (က) နှင့်အညီ ၃၀-၆-၂၀၂၂ ရက်မတိုင်မီ လာရောက်အစစ်ဆေးခံရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စာဖြင့် အသိပေး အကြောင်းကြားခဲ့ပြီးဖြစ်သည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ အနေဖြင့် သတ်မှတ်ကာလဖြစ်သည့် ဇွန် ၃၀ ရက်တွင် လာရောက်အစစ်ဆေးခံသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ဦးဆောင်ပြီး ဌာနဆိုင်ရာကိုယ်စားလှယ်များပါဝင်သည့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် တောင်ကြီးမြို့၊ ရှမ်းပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် စစ်ဆေးဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေးပါတီများစစ်ဆေးပြီးစီးမှု အနေဖြင့် ၂၀၂၁ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလအထိ စစ်ဆေးပြီးစီးခဲ့သည့် နိုင်ငံရေးပါတီ ၅၁ ပါတီ၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လ တတိယပတ်အထိ စစ်ဆေးပြီးစီးခဲ့သည့် နိုင်ငံရေးပါတီ ၃၅ ပါတီ ရှိသည့်အတွက် စုစုပေါင်းနိုင်ငံရေးပါတီ ၈၆ ပါတီကို စစ်ဆေးခဲ့ပြီးဖြစ်ပါကြောင်း။

**နိုင်ငံရေးပါတီ ၈၅ ပါတီကို စစ်ဆေးခဲ့ပြီးဖြစ်**

စစ်ဆေးပြီးသည့် နိုင်ငံရေးပါတီ ၈၆ ပါတီအနက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီက မိမိသဘောဆန္ဒအလျောက် ပါတီဖျက်သိမ်းခွင့်ပြုပါရန်တင်ပြလာခဲ့သည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှပယ်ဖျက်၍ ပါတီကိုဖျက်သိမ်းကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ **၉၂ ပါတီ**အနက် နိုင်ငံရေးပါတီ **၈၅ ပါတီ**ကို စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ စစ်ဆေးရန်ကျန်ရှိသည့် နိုင်ငံရေးပါတီ **ခုနစ်ပါတီ**ကိုလည်း ဆက်လက်စစ်ဆေးသွားမည်ဖြစ်ပါကြောင်း၊ ထိုနေရာတွင် အလေးထားပြီး တင်ပြလိုသည်မှာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် နိုင်ငံရေးပါတီများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် ချို့ယွင်းအားနည်းချက်များကို အသေးစိတ်မှာကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် နောက်တစ်ကြိမ်စစ်ဆေးရာတွင် အလားတူ အားနည်းပျက်ကွက်မှုများ တွေ့ရှိရပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်သည်ကို အသိပေး တင်ပြလိုပါကြောင်း။

ဆက်လက်ပြီး မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် အခြေခံမဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေး အတွက် မြေပြင်လူဦးရေစာရင်းများ တိုက်ဆိုင် စစ်ဆေးခြင်း ရှေ့ပြေးလုပ်ငန်းစီမံချက် (Pilot Project) ဆောင်ရွက်ခြင်းကို ၁၄-၂-၂၀၂၂ ရက်မှစ၍ ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များတွင် စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုအခါတွင် မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ သက်ဆိုင်ရာဌာနများက ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တာဝန်ခံ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များအနေဖြင့် အနီးကပ်လိုက်လံစစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း။

အထက်ပါ မြေပြင်လူဦးရေစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာ လုပ်ငန်းများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဝန်ထမ်းများ၊ ပြည်ထဲရေးဝန်ကြီးဌာန၏ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနလက်အောက်ရှိ ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ မြို့နယ်လဝကမှ တာဝန်ရှိသူများ ပါဝင်သည့်အဖွဲ့များနှင့် ပူးပေါင်းစစ်ဆေးဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များရှိ မြို့နယ်ပေါင်း ၃၂၅ မြို့နယ်တွင် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ဆောင်ရွက်ပြီး **၂၉၈ မြို့နယ်**၊ ဆောင်ရွက်ဆဲ **၁၄ မြို့နယ်**နှင့် ဆောင်ရွက်ရန်ကျန် **၁၃ မြို့နယ်** ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရန်ကျန်သည့် မြို့နယ်များအနေဖြင့် ကယားပြည်နယ် နှစ်မြို့နယ်၊ ချင်းပြည်နယ် ခုနစ်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး လေးမြို့နယ်တို့ဖြစ်ပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့အတူ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အလိုက် တိုက်ဆိုင်စစ်ဆေးပြီးဖြစ်သော အခြေခံလူဦးရေစာရင်းများကိုရယူပြီး ကနဦးမဲဆန္ဒရှင်များ စိစစ်ခြင်းစနစ် (Initial Voter List Scrutinizer – IVLS Software) ကို အသုံးပြုစိစစ်လျက်ရှိပါကြောင်း၊ IVLS Software အသုံးပြုနည်းလမ်းညွှန်သင်တန်းများကိုလည်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကို ပို့ချခဲ့ပြီးဖြစ်ပါကြောင်း၊ စစ်ဆေးရာတွင် တွေ့ရှိရသည့် သေဆုံးသူများအပါအဝင် မြေပြင်အခြေအနေ စာရင်းဇယားများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသို့ ပေးပို့ပြီး အခြေခံမဲစာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

**မဲစာရင်း ပြုစုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး**

ဆက်လက်ပြီး ရွေးကောက်ပွဲအတွက် မဲစာရင်း ပြုစုရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၆ ရက်က နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့မှုကို တင်ပြလိုပါကြောင်း၊ အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားခဲ့ပါကြောင်း၊ အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဦးခင်ရီ၊ ဒေါက်တာမျိုးသိန်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့ကြပါကြောင်း။

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဆင့်အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ စနစ်တကျ ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ လွတ်လပ်ပြီးမျှတသည့် ရွေးကောက်ပွဲ၊ မှန်ကန်သည့်ရွေးကောက်ပွဲ၊ စာရင်းအတိအကျရှိသော ရွေးကောက်ပွဲဖြစ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံသူနိုင်ငံသားများနှင့် ဌာနဆိုင်ရာများအတွက် အကျိုးရှိစေမည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆက်လက်ပြီး ပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း မှာကြားခဲ့ပါကြောင်း၊ အစည်းအဝေးသို့တက်ရောက်လာကြသည့်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက မဲစာရင်းများ မှန်ကန်စေရေး တိုက်ဆိုင်စစ်ဆေးခြင်းဆိုင်ရာကိစ္စရပ်များ၊ လူဦးရေစာရင်းကောက်ယူခြင်းဆိုင်ရာကိစ္စရပ်များ၊ မဲစာရင်းမှန်ကန်စွာရရှိရေး ပူးပေါင်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြခဲ့ကြောင်း။

ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို တင်ပြမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ယခင်ရွေးကောက်ပွဲများ၏ အားနည်းချက်များ၊ ချို့ယွင်းချက်များကို လေ့လာသုံးသပ်ပြီး ပြောင်းလဲကျင့်သုံးမည့် ရွေးကောက်ပွဲစနစ်နှင့်အညီ လိုအပ်သည့်ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးပြုစုဆောင်ရွက်ခြင်းနှင့် ရွေးကောက်ပွဲစနစ်အပါအဝင် သိသင့်သိထိုက်သည်များကို ပြည်သူလူထုနှင့် မဲဆန္ဒရှင်များအား အသိပညာပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် လိုအပ်သည့် လူသားအရင်းအမြစ်များဖြည့်တင်းခြင်း၊ လေ့ကျင့်သင်တန်းပေးခြင်း၊ အခြေခံအဆောက်အအုံများဖြစ်သည့် ကော်မရှင်အဖွဲ့ခွဲရုံးများ တည်ဆောက်ပေးနိုင်ရေးဆောင်ရွက်ခြင်းနှင့် စစ်ဆေးကြပ်မတ်ခြင်းများကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်အနက် လုပ်ငန်းစဉ် (၁) ပါ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းစဉ်(၅)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

> **“လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၉၂ ပါတီအနက် နိုင်ငံရေးပါတီ ၈၅ ပါတီကို စစ်ဆေးခဲ့ပြီးဖြစ်ကြောင်း၊ စစ်ဆေးရန်ကျန်ရှိသည့် နိုင်ငံရေးပါတီ ခုနစ်ပါတီကိုလည်း ဆက်လက်စစ်ဆေးသွားမည်ဖြစ်ပါကြောင်း၊ ထိုနေရာတွင် အလေးထားပြီး တင်ပြလိုသည်မှာ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် နိုင်ငံရေးပါတီများကို စစ်ဆေးရာတွင် တွေ့ရှိရသည့် ချို့ယွင်းအားနည်းချက်များကို အသေးစိတ်မှာကြားခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် နောက်တစ်ကြိမ်စစ်ဆေးရာတွင် အလားတူ အားနည်းပျက်ကွက်မှုများတွေ့ရှိရပါက နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်”**



## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၀၅ ဦး ထပ်မံတွေ့ရှိ

**ဟနွိုင်း ဇူလိုင် ၂၉**

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၈၀၅ ဦး စစ်ဆေးတွေ့ရှိရပြီး အဆိုပါအရေအတွက်သည် ဇူလိုင် ၂၇ ရက်တွင် တွေ့ရှိရသည့်အရေအတွက်ထက် ၁၀၆ ဦး ပိုမိုများပြားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

လက်ရှိတွင် ရောဂါကူးစက်ခံရသူပေါင်း ၁၀၇၇၆၄၈၄ ဦးရှိပြီး သေဆုံးသူတစ်ဦးထပ်မံတွေ့ရှိသည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၉၃ ဦးရှိပြီဖြစ်သည်။

လက်ရှိအချိန်အထိ ရောဂါပြင်းထန်စွာခံစားနေရသူ ၄၅ ဦးရှိသည်။

ရောဂါကူးစက်ခံရသူများအနက် ၉၈၉၇၅၄၅ ဦး(၉၂ ရာခိုင်နှုန်း)သည် ရောဂါမှ ပြန်လည်ကျန်းမာလာပြီဖြစ်သည်။

**တိုက်တွန်း**

အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ကာကွယ်ဆေးအလုံးရေ ၂၁၂ ဒသမ ၃ သန်းကျော် ထိုးနှံပေးပြီးဖြစ်သည်။ နိုင်ငံအတွင်း၌ BA.4၊ BA.5 နှင့် BA.2.12.1 ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများ တွေ့ရှိရပြီး ပြည်သူများအား ဒုတိယအကြိမ်ကာကွယ်ဆေးထပ်ဆောင်းထိုးနှံမှုခံယူကြရန် ကျန်းမာရေးအာဏာပိုင်များက ပြည်သူများအား တိုက်တွန်းလျက်ရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## ကင်ညာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး သန်း ၂၀ ကျော် ထိုးနှံပေးခဲ့

**နိုင်ရိုဘီ ဇူလိုင် ၂၉**

ကင်ညာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးကို ကြိုးပမ်းဆောင်ရွက်သည့်အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၂၀ ကျော်ကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကာကွယ်ဆေးများအနက် ကာကွယ်ဆေး ၁၇ ဒသမ ၂ သန်းကို အရွယ်ရောက်ပြီးသူများအား ထိုးနှံပေးခဲ့ပြီး ကျန်ကာကွယ်ဆေးများကို အသက် ၁၅ နှစ်မှ ၁၈ နှစ်အရွယ်ရှိသူများကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ အပိုဆောင်းကာကွယ်ဆေးအလုံးရေ ၈၃၅၈၃၄ အား ထိုးနှံပေးခဲ့ပြီး အရွယ်ရောက်ပြီးသူ ၉ ဒသမ ၁ သန်းနှင့် ဆယ်ကျော်သက် ၄၄၁၃၉၃ ဦးမှာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးစီးခဲ့ပြီဖြစ်သည်။

နိုင်ငံအတွင်းရှိ အရွယ်ရောက်ပြီးသူ ၃၃ ရာခိုင်နှုန်းမှာ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးစီးခဲ့ပြီး နိုင်ငံလူဦးရေ ၂၇ ဒသမ ၂ သန်းကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၇၅၀၀ ရှိသည်။ နိုင်ငံအတွင်း Moderna၊ AstraZeneca၊ Sinopharm၊ Johnson and Johnson၊ Pfizer ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို အသုံးပြုထိုးနှံပေးနေသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

## တောင်ကိုရီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၅၃၂၀ ထပ်မံတွေ့ရှိ

**ဆိုးလ် ဇူလိုင် ၂၉**

တောင်ကိုရီးယားနိုင်ငံတွင် ပြီးခဲ့သည့် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၅၃၂၀ ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၆၂၀၅၁၇ ဦးရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

**ပြောကြား**

နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည် လျော့ကျလာသော်လည်း ပြီးခဲ့သည့် သီတင်းပတ်အတွင်းက နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူထက် များပြားနေကြောင်း တောင်ကိုရီးယားရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။



ပြီးခဲ့သည့် သီတင်းပတ်အတွင်း နေ့စဉ်ပျမ်းမျှ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ အရေအတွက်သည် ၇၇၅၇၇ ဦးရှိသည်။ နိုင်ငံအတွင်း ပြည်ပမှ ပြန်လည်ရောက်ရှိလာသူ ၄၃၅၃၈ ဦးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း တွေ့ရှိခဲ့သည်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၉၉၂ ဦးရှိသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

## အာဖရိကဒေသအတွင်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၂၁၀၁ ဦးရှိလာ

**အဒစ်အဘာဘာ ဇူလိုင် ၂၉**

အာဖရိက ဒေသအတွင်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၂၁၀၁ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူ ၇၅ ဦးကို ယခုနှစ်အစပိုင်းတွင် တွေ့ရှိရကြောင်း အာဖရိက ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

ယခုတွေ့ရှိရသည့် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူများအနက် ၁၈၁၈ ဦးမှာ သံသယလူနာများဖြစ်ပြီး ၂၈၃ ဦးမှာ ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း အာဖရိကနိုင်ငံများဖြစ်သည့် ဂါနာ၊ နိုင်ဂျီးရီးယားနှင့် လိုင်ဘေးရီးယားနိုင်ငံများ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၇၀ ကို တွေ့ရှိခဲ့သည်။ အာဖရိကဒေသအတွင်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ ၃ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ အာဖရိကဒေသအတွင်းရှိ နိုင်ငံများကို မျောက်ကျောက်ရောဂါ ရှာဖွေစမ်းသပ်ခြင်းများ တိုးမြှင့်ဆောင်ရွက်ရန် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

အာဖရိကဒေသတွင်းနိုင်ငံများအား မျောက်ကျောက်ရောဂါကုသဆေးများကို သိုမှီးထားရန် အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**






## အီရန်နိုင်ငံ၌ ရေကြီးမှုများအတွင်း သေဆုံးသူ ၃၂ ဦးရှိလာ

**တီဟီရန် ဇူလိုင် ၂၉**

အီရန်နိုင်ငံတွင် မကြာမီက ဖြစ်ပွားခဲ့သည့် ရေကြီးမှုများအတွင်း သေဆုံးသူ ၃၂ ဦးရှိလာကြောင်း ရှာဖွေကယ်ဆယ်ရေးတာဝန်ရှိသူ မာဒီဗီလာဗာက ပြောကြားသည်။

**အကူအညီများပေးအပ်**

ယခုအချိန်အထိ ၂၅ ဦးမှာ ပျောက်ဆုံးနေကြောင်း သိရသည်။ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၁၅၀၀၀ အား အကူအညီများပေးအပ်ခဲ့ပြီး ၁၂၂၉ ဦးကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အဆိုပါ ရေကြီးမှုများအတွင်း အဆောက်အအုံပျက်စီးမှုများဖြစ်ပွားခဲ့ကာ ဆက်သွယ်ရေးလမ်းကြောင်းများလည်း ပြတ်တောက်ခဲ့ကြောင်း သိရသည်။ အဆိုပါရေကြီးမှုကြောင့် ပြည်နယ် ၂၀၊ ခရိုင် ၁၀၀ နှင့် ကျေးရွာ ၃၀၀ တို့ ပျက်စီးခဲ့ရပြီး ဒေသခံများကို ကုန်းမြင့်များသို့ပြောင်းရွှေ့စေရေး ဆောင်ရွက်ခဲ့ရကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်အတွင်း အဆောက်အအုံတစ်လုံး၏ အစိတ်အပိုင်းအချို့ ပြိုကျကာ တံတားနှင့် လမ်းတစ်ခု ပျက်စီးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီးနောက် ကျန်းမာရေးပြန်လည်ကောင်းမွန်လာ



**ဝါရှင်တန် ဇူလိုင် ၂၉**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီးနောက် လက်ရှိအချိန်တွင် ကျန်းမာရေးပြန်လည် ကောင်းမွန်လာကာ မူလတာဝန်များကို ဆက်လက်ထမ်းဆောင်လျက်ရှိကြောင်း ယမန်နေ့သတင်းများအရ သိရသည်။

ဂျိုးဘိုင်ဒင်က ဇူလိုင် ၂၁ ရက်တွင် ကိုဗစ်-၁၉ ရောဂါ စတင်ကူးစက်ခံရပြီး ထိုအချိန်မှစကာ အိမ်ဖြူတော်၌ သီးခြား နေထိုင်လျက်ရှိသည်။

ဇူလိုင် ၂၇ ရက်တွင် ဂျိုးဘိုင်ဒင်၏ ရောဂါလက္ခဏာများ ပျောက်ကင်းသွားပြီ ဖြစ်ကြောင်း ၎င်း၏ဆရာဝန်က အတည် ပြုပြောကြားခဲ့ပြီး ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါရှိ၊ မရှိ စစ်ဆေးကြည့်ရာတွင် ရောဂါမရှိကြောင်း ရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

သူ၏ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာပြီဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က မီဒီယာသို့ ပြောကြားသည်။


ကာကွယ်ဆေး စတုတ္ထအကြိမ်မြောက် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ဆရာဝန်ညွှန်ကြားသည့် အတိုင်း လိုက်နာနေထိုင်ကြောင်း ဂျိုးဘိုင်ဒင်က ဆိုသည်။

ကာကွယ်ဆေးထိုးနှံမှု ခံယူထားခြင်းနှင့် ယင်းသို့ ဆေးဝါးစောင့်ရှောက်မှုများကြောင့် ကိုဗစ်-၁၉ ရောဂါကို ယုံကြည်မှုအပြည့်ဖြင့် တွန်းလှန်နိုင်ခဲ့ကြောင်း ၎င်းက ပြောသည်။

သီးခြား နေထိုင်နေစဉ်အတွင်း အလုပ်တာဝန်များကိုလည်း လစ်ဟင်းမှု မရှိစေဘဲ ဆောင်ရွက်ခဲ့ကြောင်း ဂျိုးဘိုင်ဒင်က ပြောကြားသည်။

ထို့ပြင် အမေရိကန်အစိုးရအဖွဲ့က ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ၊ ရောဂါစမ်းသပ်ရေး ကိရိယာများနှင့် ကုသမှုဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုများကို အခကြေးငွေပေးချေရန်မလိုအပ်ဘဲ ပြည်သူများကို ဝန်ဆောင်ပေးမည်ဖြစ်ကြောင်း ဂျိုးဘိုင်ဒင်က အလေးပေးပြောကြားသည်။

**ကိုးကား- အင်န်အီတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**




# အင်ဒိုနီးရှားနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းများကို ကာကွယ်ဆေးဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံပေး

**ဂျကာတာ ဇူလိုင် ၂၉**

အင်ဒိုနီးရှားနိုင်ငံ၌ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံမှုကို ယနေ့စတင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နိုင်ငံအတွင်း၌ အိုမီခရွန်ဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် မြင့်တက်လျက်ရှိစဉ် အဆိုပါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်သည်။

နိုင်ငံအတွင်းရှိ ကျန်းမာရေးဝန်ထမ်း အရေအတွက် ၁ ဒသမ ၉ သန်းခန့်အား ကာကွယ်ဆေး ဒုတိယအကြိမ် ထပ်ဆောင်းထိုးနှံပေးရန် ရည်မှန်းထားကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

အင်ဒိုနီးရှားနိုင်ငံ၌ မကြာသေးမီအချိန်မှစပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအရေအတွက်များ မြင့်တက်လျက်ရှိသည်။ ရောဂါကူးစက်ခံရသူများ အနက် ကျန်းမာရေးဝန်ထမ်းများလည်း ပါဝင်ကြောင်း သိရသည်။

ယမန်နေ့စစ်ဆေးချက်များအရ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၆၃၅၃ ဦးရှိပြီး ၁၇ ဦး ထပ်မံသေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ပထမဆုံးတွေ့ရှိ



**မနီလာ ဇူလိုင် ၂၉**

ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် မျောက်ကျောက် ရောဂါ ကူးစက်ခံရသူတစ်ဦး ပထမဆုံးစစ်ဆေး တွေ့ရှိခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီး ဌာနက ဆိုသည်။

အဆိုပါရောဂါကူးစက်ခံရသူသည် အသက် ၃၁ နှစ်အရွယ် ဖိလစ်ပိုင်နိုင်ငံသားတစ်ဦးဖြစ်ပြီး ဇူလိုင် ၁၉ ရက်တွင် ဖိလစ်ပိုင်နိုင်ငံသို့ ပြန်လည်ရောက်ရှိ လာခြင်းဖြစ်ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီး ဌာနမှ တာဝန်ခံလက်ထောက်အတွင်းဝန် ဘီဗာလီ လိုရိန်းဟိုက ပြောကြားခဲ့သည်။

ယင်းရောဂါကူးစက်ခံရသူ မည်သူမည်ဝါ ဖြစ်ကြောင်း အာဏာပိုင်များက အတိအကျဖော်ပြခြင်းမရှိကြောင်းနှင့် ၎င်းနှင့်ထိတွေ့ခဲ့သူ ၁၀ ဦးအား စောင့်ကြည့်လျက်ရှိပြီး လက်ရှိအချိန်အထိ ရောဂါလက္ခဏာပြသခြင်းမရှိသေးကြောင်း သိရသည်။

မျောက်ကျောက်ရောဂါ လက္ခဏာများကူးစက်ခံစားရပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး ဆက်သွယ်ရန်နှင့် ရောဂါရှိသူများနှင့် လိင်ဆက်ဆံခြင်းမပြုကြရန် ကျန်းမာရေးအာဏာပိုင်များက ပြည်သူများအား သတိပေးပြောကြားသည်။

ထို့ပြင် လက်ကို မကြာခဏဆေးကြောရန်၊ နှာခေါင်းစည်းများဝတ်ဆင်ကြရန်၊ ချောင်းဆိုးလျှင် တံတောင်ဆစ်ဖြင့် ဖုံးအုပ်ထားရန်နှင့် တစ်ကိုယ်ရေသန့်ရှင်းမှုရှိကြရန် ၎င်းတို့က တိုက်တွန်းပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၄၀၉ ဦး ထပ်မံတွေ့ရှိ

**နယူးဒေလီ ဇူလိုင် ၂၉**

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၄၀၉ ဦး စစ်ဆေးတွေ့ရှိရသည့်အတွက် ရောဂါကူးစက်ခံရသူပေါင်း ၄၃၉၇၉၇၃၀ ရှိပြီဖြစ်ကြောင်း အိန္ဒိယကျန်းမာရေး ဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

နိုင်ငံအတွင်း နေ့စဉ်ကူးစက်ခံရသူအရေအတွက် ၂၀၀၀၀ ကျော်တွေ့ရှိသည်မှာ နှစ်ရက်ဆက်တိုက် ရှိပြီဖြစ်သည်။

သို့သော် အဆိုပါရောဂါကူးစက်ခံရသူအရေအတွက်သည် ဇူလိုင် ၂၇ ရက်တွေ့ရှိသည့်အရေအတွက် ၂၀၅၅၇ ဦးနှင့် နှိုင်းယှဉ်ပါက အနည်းငယ်လျော့နည်းလာကြောင်း သိရသည်။

ပိုးတွေ့ဆဲလူနာအရေအတွက်သည် လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်အတွင်းကစပြီး မြင့်တက်လာခဲ့သည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၄၃၉၈၈ ဦးရှိကြောင်း သိရသည်။

ထို့ပြင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၄၇ ဦး သေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၅၂၆၂၅၈ ဦးအထိရှိလာပြီဖြစ်သည်။

နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်းသည် ၅ ဒသမ ၁၂ ရာခိုင် နှုန်းရှိပြီး ရက်သတ္တပတ်အတွင်း ကူးစက်မှုနှုန်းမှာ ၄ ဒသမ ၈၂ ရာခိုင်နှုန်းရှိကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ဆိုသည်။

သို့သော် ရောဂါမှ ပြန်လည်သက်သာလာသူပေါင်း ၄၃၃၀၉၄၈၄ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**

# မူဆယ်မြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ ငွေကျပ်သိန်း ၄၄၀၀ ကျော်တန်ဖိုးရှိ တရားမဝင်သိုလှောင်ထားသည့် ဓာတုပစ္စည်းများနှင့် ထိန်းချုပ်ဓာတုပစ္စည်းများ သိမ်းဆည်းရမိ





သိမ်းဆည်းရမိသည့် ဓာတုပစ္စည်းများ၊ ထိန်းချုပ်ဓာတုပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၂၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တို့တွင် ငွေကျပ်သိန်း ၄၄၀၀ ကျော် တန်ဖိုးရှိ တရားမဝင်သိုလှောင် ထားသည့် ဓာတုပစ္စည်းများ နှင့် ထိန်းချုပ်ဓာတုပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာ နိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်း အဖွဲ့သည် ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ စွမ်စော် ရပ်ကွက် မန့်ဝိန်းနယ်မြေရှိ ဂိုဒေါင် အား သတင်းအရရှာဖွေရာ ဂိုဒေါင် တာဝန်ခံ ကြည်ဇင်ထွန်းကို မော်တော်ယာဉ်တစ်စီး၊ တရား မဝင်သိုလှောင်ထားသည့် ဓာတု ပစ္စည်း သီအိုဖီလင်း အမ်ဟိုက်ဒရိုက် ၁၄ ဒသမ ၅ တန် နှင့်အတူ ဖမ်းဆီး ရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက် အရ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၁၃၈ လမ်း နှင့် ၁၃၉ လမ်းကြား၊ ၅၁ လမ်းရှိ ဂိုဒေါင်ကို ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ မန်နေဂျာ ဝေလင်း (ခ) ဝေလင်းထွန်းကို တရားမဝင် သိုလှောင်ထားသည့် ဓာတုပစ္စည်း ကော့ပါးဆာလဖိတ် နှစ်တန်၊ ထိန်းချုပ်ဓာတုပစ္စည်းများ ဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် သုံးတန်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ သဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၄၄၀၀ ကျော်တန်ဖိုးရှိ ဓာတု ပစ္စည်းများဖြစ်သည့် သီအိုဖီလင်း အမ်ဟိုက်ဒရိုက် ၁၄ ဒသမ ၅ တန်၊ ကော့ပါးဆာလဖိတ် နှစ်တန်၊ ထိန်းချုပ်ဓာတုပစ္စည်းများဖြစ် သည့် အမိုနီယမ်နိုက်ထရိတ် သုံးတန်တို့ကို သိမ်းဆည်းရမိခဲ့ သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက် စစ်ဆေး ဖော်ထုတ်လျက်ရှိ ကြောင်း သိရသည်။ **သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ စက်သုံးဆီ၊ သစ်သားရုပ်ထုမျိုးစုံနှင့် ဆင်းတုတော်၊ လူသုံးကုန်ပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်း၊ လုပ်ငန်းသုံးစက်ပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့ က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင် လာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ ထိန်းချုပ်ဓာတုပစ္စည်းဖြစ်သည့် အမိုနီယမ်နိုက်ထရိတ် ရောနှောပါဝင်လာသော ဓာတ်မြေသြဇာအိတ်များ နှင့် သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသော ရေဖျော် ဓာတ်မြေသြဇာအိတ်များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၈၇၅၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၂၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၃၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂၈၇၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇူလိုင် ၂၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်ကုန်လှောင်ရုံ၌ တာဝန်ကျအကောက်ခွန်အဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်လိုင်စင်တင်ပြနိုင်ခြင်းမရှိသည့် ဆေးပစ္စည်း ကိရိယာများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၃၀၀၀၀၀၀)ကို လည်းကောင်း၊ ဇူလိုင် ၂၇ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သွင်းကုန်ကြေညာလွှာ (ID) တွင် ကြေညာထားခြင်းမရှိသည့် ပရိဘောဂ ဆက်စပ်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀)ကို လည်း ကောင်း၊ ဇူလိုင် ၂၈ ရက်တွင် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေး ရေးစခန်း၌ ပို့ကုန်ကြေညာလွှာ (ED)တွင် ကြေညာထားခြင်းမရှိသော၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ထောက်ခံချက် မပါရှိသည့် သစ်သားရုပ်ထုမျိုးစုံနှင့် ဆင်းတုတော်နှစ်ဆူ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၁၀၀၀၀၀)နှင့် သွင်းကုန်ကြေညာလွှာ(ID)တွင် ကြေညာ ထားခြင်းမရှိသည့် မော်တော်ယာဉ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃၅၆၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၆၅၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇူလိုင် ၂၇ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှု ဖြင့် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့ သို့ ထွက်ခွာလာသော ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော လူသုံးကုန်ပစ္စည်း မျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၉၄၇၅၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ၁၂ ဘီး ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၆၉၄၇၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၆ ရက် နှင့် ၂၈ ရက်တို့တွင် ဝန်းသိုမြို့ စစ်ကဲကြီးရပ်ကွက် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးမှူးရုံးရှေ့ ကားလမ်းမပေါ်၌ တရားမဝင်စက်သုံးဆီ ၂၂၀၀ ဂါလန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံ နှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။



ယင်းအပြင် ဇူလိုင် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှု များဆောင်ရွက်ခဲ့ရာ ကုန်တင်ယာဉ်တစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာ(ID) တွင် ကြေညာထားခြင်းမရှိသည့် လုပ်ငန်းသုံးစက်ပစ္စည်းနှင့် မော်တော် ယာဉ်အပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၂၂၅၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် နောက်တွဲယာဉ်ပါ ကုန်တင်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၂၂၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း နှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်နှင့် တောင်ငူခရိုင်များအတွင်း တရားမဝင်ကျွန်းသစ်နှင့် သစ်မာ ၁၄ ဒသမ ၀၄၆၂ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅၁၉၆၂၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇူလိုင် ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက် နှင့် ၂၉ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၃ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၃၉၇၀၃၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**


မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၃၀-၇-၂၀၂၂ စနေနေ့

MRTV HD

၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ ဒီမိုကရေစီဆိုသည်မှာ
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ လူငယ်ရေးရာအစီအစဉ်
၁၁:၄၅ တိုင်းရင်းသားရိုးရာ အစားအစာ ချက်ပြုတ်နည်းများ
၁၃:၃၀ MRTV National News
၁၅:၃၅ Weekly MNL Review
၁၆:၃၅ ပုံပြင်ကမ္ဘာအစီအစဉ် 'ခင်မင်ရာကောင်းသူ'
၁၆:၄၅ ရှုပွယ်စုံလင် အာဆီယံအစီအစဉ်
၁၇:၂၀ ရှုလေမြင်လေကမ္ဘာမြေ
၁၇:၄၀ လျှပ်မြန်တိုးချဲ့စီးပွားတက် တိုင်းရင်းကြက်ရဲ့အားသာချက်
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၅ သုတဝေဖြာသီရိဂေဟာ
၁၉:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အမှန်တရားရဲ့လျှို့ဝှက်ချက်' (အပိုင်း-၁၁၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ (၃၀)ကြာမဂ္ဂဇင်း (ဦးနန်းဝင်း ရေးသားပူဇော်တင်ဆက်သည်) 'ဂါရဝေါ စ နိဝါတော စ'
၂၂:၁၅ ဟိုးတုန်းကရေဒီယိုအသံလွှင့်ဇာတ်လမ်း

mitv

07:01 Evergreen Classic: Dhamma Settkyar (Nan Sandi)
07:11 Weekly Review
07:27 Wushu Kids & Their Limit (Ep-2)
07:41 Bagan Choral Dance
07:45 Myanmar Family Life: Manners & Etiquette
07:56 Quiz Time
09:01 News
09:26 Global Partnership for Brighter Future: Dominican Republic Pavilion at Expo 2020 Dubai
09:34 Nga Laik Dam & Nga Laik Kan Tha Eco Resort
09:49 Smart Village in Hopong: Kyauk Tan
10:02 Let's taste "Sabuti"

MRTV NRC

အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀) လည်ပတ်လေ့လာကြည့်ရှုချင်စရာ ဇီဝမျိုးနွယ်ဆုံဆည်းရာ
အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀) ဖားစည်မြေမှ ရိုးရာအလှ (အပိုင်း-၁)
ချင်း (လိုင်ဇိုး) (၀၈:၀၀ မှ ၀၉:၀၀) ကိုယ်တိုင်စိတ်ကစ်လီမ်းခြယ်နည်း (နှီးငြေကာဝ)
ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀) ပဲရင်းထောင်းနဲ့ နွားနောက်သားခြောက်
မွန် (၁၀:၀၀ မှ ၁၂:၀၀) ဂဝံယဉ်ကျေးမှု
ရခိုင် (၁၂:၀၀ မှ ၁၄:၀၀) ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၀)
ရှမ်း (၁၄:၀၀ မှ ၁၆:၀၀) ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၉)
ဝ (၁၆:၀၀ မှ ၁၈:၀၀) တောင်ယာထမင်းဟင်း
ကချင် (၁၈:၀၀ မှ ၂၀:၀၀) စာနာစိတ်လေးထားစေချင် (ဇာတ်လမ်းတို)
ကယား (၂၀:၀၀ မှ ၂၂:၀၀) ကယားတိုင်းရင်းသားတို့ရဲ့ရိုးရာဓလေ့ဆိုရိုးစကားများ (မိတ်ဆွေနှင့်ဆွေမျိုးအကြောင်း)
ပအိုဝ်းကရင် (၂၂:၀၀ မှ ၂၃:၀၀) သဲသောမှ သဲသောခွား

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလံ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ကံဝင်းမဲ'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၈)
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
၁၁:၃၀ အတွေးအမြင် (အပိုင်း-၈)

MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ ဆွေးနွေးကြမယ် စိုက်ပျိုးမွေးမြူနည်းအသွယ်သွယ်
၀၇:၀၀ ဆေးပင်ဝင်ဟင်းသီးဟင်းရွက်နှင့်ကျန်းမာရေး
၀၇:၁၀ ဘိုရွန်ဓာတ်မြေသြဇာထည့်သွင်း တင့်တယ်ကာဝင့်ကြွားနိုင်စေဖို့
၀၉:၁၅ ကမ္ဘာအလှမြန်မာ့တော်ဝင်သစ်ခွ
၀၈:၄၅ မြေသြဇာသုံးစွဲနည်းမှန်ကန်ဖို့ မြေဆီအရင်စစ်ဆေးကြည့်ကြပါစို့

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀) နာရီမှ တစ်ကြိမ်လျှင် (၄) နာရီ (၆) ကြိမ်နှုန်း (၂၄) နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

နေပြည်တော် ဇူလိုင် ၂၉

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များ အပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့ လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များ အပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၂၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရခိုင်ပြည်နယ် သံတွဲမြို့နယ် အမှတ်(၃)ရပ်ကွက်နေ အောင်ကျော်ဇင်သည် ၎င်းအသုံးပြုသည့် “Htout Phone” Facebook အကောင့်၊ ကျောက်ဖြူမြို့နယ် စံပါယ်ချောင်းကျေးရွာနေ တင်မျိုးထွန်း(ခ)ဒူးရှည်သည် ၎င်းအသုံးပြုသည့် “Tin Myo Htun” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် နန်းဦးမြို့သစ်ရပ်ကွက်နေ သိမ့်သီရိထိုက်သည် ၎င်းအသုံးပြုသည့် “Thein Thin Htike” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရုံးကြီးရပ်ကွက်နေ သန့်ဇင်ဟိန်း(ခ) အရိုးသည် ၎င်းအသုံးပြုသည့် “A Yoe” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၄၂)ရပ်ကွက်နေ ပြည့်ဖြိုးအောင်(ခ)ဖက်တီးသည် ၎င်းအသုံးပြုသည့် “Fat Tee” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်နေ မင်းသုခ(ခ)အောင်မင်းခန့်သည် ၎င်းအသုံးပြုသည့် “Min Thukha” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ဝင်းနိုင်၊ ငွေရွှေစင်နှင့် စိုင်းခမ်းရှဲန်(ခ)ဒီဒီးတို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေး(Happy Water)များနှင့်အတူ တွေ့ရစဉ်။

# တာချီလိတ်မြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၉

တာချီလိတ်မြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၈ ရက် ည ၉ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု ကျောက်လိုဏ်ဂူကျေးရွာအနီးရှိ လမ်းဘေးတွင် မိုးကာစဖြင့်အုပ်ထားသည့် ဆာလာအိတ်လေးအိတ်အား မသင်္ကာဖွယ်တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ ည ၁၀ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက်တွင် စိုင်းခမ်းရှဲန် (ခ)ဒီဒီး မောင်းနှင်ပြီး ငွေရွှေစင်နှင့် ဝင်းနိုင်တို့ လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ စိတ်ပြောင်းဆေး(Happy Water) သုည ဒသမ ၉၀၉ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

■

# တောင်ငူမြို့၌ စားသောက်ဆိုင်တစ်ဆိုင် မီးလောင်မှုဖြစ်ပွား၊ အမျိုးသားတစ်ဦး သေဆုံး

တောင်ငူ ဇူလိုင် ၂၉

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ်(၇)ရပ်ကွက် ခေမာလမ်းရှိ မိုးကောင်းကင်စားသောက်ဆိုင်၌ လျှပ်စစ်ဝိုင်ယာကြိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

ဇူလိုင် ၂၉ ရက် နံနက် ၆ နာရီ မိနစ် ၂၀ တွင် မီးစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်ကျွမ်းမှု ဖြစ်ပွားရာသို့ တောင်ငူခရိုင်၊ မြို့နယ်မီးသတ်ဦးစီးဌာနများမှ မီးသတ်ယာဉ်ရှစ်စီး၊ ပရဟိတအဖွဲ့မှ အရေးပေါ်ကူညီရေးယာဉ်များ၊ မြို့ခံပြည်သူများ စုပေါင်းငြိမ်းသတ်မှုကြောင့် နံနက် ၆ နာရီ ၄၅ မိနစ်တွင် မီးညွန့်ကျိုးကာ နံနက် ၉ နာရီခွဲတွင် မီးကိုလုံးဝငြိမ်းသတ်နိုင်ခဲ့သဖြင့် အနီးဝန်းကျင်နေအိမ်များကို ကူးစက်လောင်ကျွမ်းမှုမရှိကြောင်း သိရသည်။




မီးလောင်မှုကြောင့် နှစ်ထပ်အဆောက်အအုံမှ ဆိုင်ခန်းကိုးခန်းနှင့် လူနေခန်း သုံးခန်းတွဲ မီးလောင်ကျွမ်းခဲ့ပြီး အပေါ်ထပ်ရှိ အသက် ၇၆ နှစ်အရွယ် လေဖြတ်နေသူ ဦးမြင့်လွင်မှာ မီးလောင်သေဆုံးခဲ့သဖြင့် တောင်ငူမြို့ အမှတ်(၂) နယ်မြေရဲစခန်း၌ အမှုဖွင့် အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၂၀ | ၁၈၆၅ | ၁၈၆၀ | ၁၈၃၀ | ၁၈၆၅ | ၁၈၉၀ | ၁၈၇၅ | ၁၈၅၀ | ၁၉၄၅ | ၁၉၆၀ | ၁၈၆၀ | ၁၈၆၅ | ၁၉၀၀ | ၁၉၀၅ | ၁၉၀၅ | ၂၀၂၅ | ၂၆၂၀ |
| 95 Ron | ၁၈၉၀ | ၁၉၃၅ | ၁၉၃၅ | ၁၈၉၅ | ၁၉၃၅ | ၁၉၅၅ | ၁၉၄၀ | ၁၉၂၀ | ၂၀၁၅ | ၂၀၃၀ | ၁၉၂၅ | ၁၉၄၀ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၁၉၀ | ၂၆၇၅ |
| HSD (500 ppm) | ၂၁၃၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၄၅ | ၂၁၈၀ | ၂၂၀၅ | ၂၂၀၀ | ၂၁၇၀ | ၂၂၈၅ | ၂၂၈၀ | ၂၁၇၅ | ၂၁၈၅ | ၂၂၂၀ | ၂၂၂၀ | ၂၂၂၀ | ၂၄၄၀ | ၂၉၆၅ |
| HSD (50 ppm) | ၂၁၉၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၅ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၉၉၅ |
| HSD (10 ppm) | ၂၁၉၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၀၀ | ၂၂၄၀ | ၂၂၆၀ | ၂၂၅၅ | ၂၂၂၅ | ၂၃၄၀ | ၂၃၃၅ | ၂၂၃၀ | ၂၂၄၅ | ၂၂၇၅ | ၂၂၇၅ | ၂၂၈၀ | ၂၄၉၅ | ၂၉၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၂၈ | ၁၇၉၆ |
| 95 Ron | ၁၇၉၃ | ၁၈၆၂ |
| HSD (500 ppm) | ၂၀၃၅ | ၂၁၀၅ |
| HSD (50 ppm) | ၂၀၉၀ | ၂၁၆၁ |
| HSD (10 ppm) | ၂၀၉၀ | ၂၁၆၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## တရုတ်နိုင်ငံ၏ ဝယ်လိုအားကောင်းမွန်မှုကြောင့် ကြောင်ပန်းစေ့များ ဈေးမြင့်တက်ကာ အရောင်းသွက်

**မန္တလေး ဇူလိုင် ၂၉**

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် အလေ့ကျပေါက်ရောက်သည့် ကြောင်ပန်းပင်မှ ထွက်ရှိသော ကြောင်ပန်းစေ့များ ယခုရာသီတွင် တရုတ်နိုင်ငံ၏ ဝယ်လိုအား ကောင်းမွန်လာမှုကြောင့် မန္တလေးဈေးကွက်အတွင်း ယခင်နှစ်ကာလတူထက် ဈေးများမြင့်တက်ကာ အရောင်းသွက်နေကြောင်း မန္တလေးကုန်သည်များထံမှ သိရသည်။

**စံချိန်တင်မြင့်တက်**

အဆိုပါ ကြောင်ပန်းစေ့များသည် လက်ရှိချိန်တွင် မန္တလေးဈေးကွက်သို့ ဇူလိုင်လနောက်ဆုံးပတ်မှစ၍ လှိုင်လှိုင်ဝင်ရောက်လာပြီး ယခင်နှစ်ကာလတူအချိန်က တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ နှုန်းသာရှိခဲ့သော ကြောင်ပန်းစေ့များမှာ ယခုရာသီတွင် တရုတ်နိုင်ငံ၏ ဝယ်လိုအား ကောင်းမွန်လာမှုကြောင့် တစ်ပိဿာလျှင်ငွေကျပ် ၁၈၀၀၀ နှုန်းအထိ စံချိန်တင်မြင့်တက်ကာ အရောင်းသွက်လျက်ရှိကြောင်း မန္တလေးမြို့ရှိ စိုးဝင်းမြင့်ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်က ပြောသည်။



"ဒီကြောင်ပန်းပင်က အညာဒေသတွေမှာ မစိုက်ပျိုးရဘဲ သဘာဝအလျောက် အလေ့ကျပေါက်ရောက်တဲ့ အပင်အမျိုးအစားဖြစ်တယ်။ အဓိကအနေနဲ့ အပူပိုင်းဒေသ သဲချောင်းအနီး ပတ်ဝန်းကျင်နဲ့ ရေဝတီ၊ ချင်းတွင်းကမ်းစပ်တွေမှာ အများအပြား ပေါက်ရောက်ပြီးတော့ သဲဆန်တဲ့မြေမှာ ပိုပြီးရှင်သန်မှုကောင်းတယ်။ အပင်အမြင့်က လူတစ်ရပ်လောက်ရှိပြီး အစေ့ကို ခူးဆွတ်ရောင်းချရတဲ့ အပင်အမျိုးအစားဖြစ်တယ်။ လက်ရှိဈေးကွက်မှာတော့ ဒီကြောင်ပန်းစေ့တွေကို နည်းပညာနဲ့ ပေါင်းစပ်ပြီး ဆေးဝါးနဲ့ အလှကုန်ပစ္စည်း ထုတ်လုပ်တဲ့နေရာတွေမှာ အသုံးပြုတယ်လို့ကြားသိရတယ်။ မယုံနိုင်လောက်အောင် ဖြစ်နေတဲ့ အလေ့ကျပေါက်ပင် ဈေးနှုန်းဖြစ်ပါတယ်။ ဒီနှစ်အဖို့ ဒေသခံတောင်သူတွေအနေနဲ့ အပိုဝင်ငွေကောင်းကောင်းရရှိတဲ့ နှစ်တစ်နှစ်ပါ။ သိသူဖော်စား မသိသူကျော်သွားဆိုတဲ့ ဆိုရိုးစကားအတိုင်း ဖြစ်နေပါတယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ အခုလိုပြည်ပဝင်ငွေရှာဖွေပေးတဲ့ မြေကြီးက ရွှေသီးတဲ့ အလေ့ကျပေါက်ပင်တွေ အများကြီးရှိနေပါတယ်" ဟု ၎င်းက ပြောသည်။

အဆိုပါ ကြောင်ပန်းစေ့များသည် ကြောင်ပန်းပင်မှ ဝါဆိုနှင့် ဝါခေါင်လတို့တွင် စတင်ထွက်ရှိကာ အသီးများမှ အစေ့ကိုထုတ်ယူပြီး ဈေးကွက်ထဲသို့ ထွက်ရှိစမြဲဖြစ်ကြောင်းနှင့် ယင်းကြောင်ပန်းစေ့များကို လွန်ခဲ့သည့် ၁၀ နှစ်လောက်ကစပြီး တရုတ်ပြည်ဈေးကွက်သို့ စမ်းသပ်ပို့ဆောင်ရောင်းချခဲ့ရာမှ ဈေးကွက်ခိုင်မာမှုရရှိခဲ့ကြောင်း၊ လက်ရှိကာလတွင် မန္တလေး ဈေးကွက်အတွင်းသို့ မင်းဘူး၊ စလင်း၊ စကု၊ ရေနံချောင်း၊ ချောက်၊ ပုပ္ပါး၊ ကျောက်ပန်းတောင်း၊ မြစ်သား၊ မိတ္ထီလာ စသည့်ဒေသတို့မှ ထွက်ရှိလာသည့် ကြောင်ပန်းစေ့များ လှိုင်လှိုင်ဝင်ရောက်လျက်ရှိပြီး ဈေးကွက်အခြေအနေမှာလည်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



## လင်းခေးမြို့၌ တရားမမှုများတွင် စေ့စပ်ဖြေရှင်းရေးနှင့် စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပွဲကျင်းပ

**လင်းခေး ဇူလိုင် ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင်တရားရုံးနှင့် မြို့နယ်တရားရုံး တရားမမှုများတွင် တရားရုံးမှ ဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်နှင့်စပ်လျဉ်း၍ မိတ်ဆက်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက လင်းခေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်တရားရုံးမှ ခရိုင်တရားသူကြီးဦးမျိုးဝင်းက စေ့စပ်ဖြေရှင်းရေးစနစ်နှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ မြို့နယ်တရားသူကြီးဦးဟိန်းလွင်ထူးက တရားမမှုများကို လက်ခံစစ်ဆေးသည့် တရားရုံးများ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များ မေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူက ပြန်လည်ဖြေကြားခဲ့သည်။အခမ်းအနားသို့ ခရိုင်/ မြို့နယ်တရားသူကြီးနှင့် တရားရုံးဝန်ထမ်းများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့ဆောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ရပ်ကွက်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၇၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ်ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်

**ရန်ကုန် ဇူလိုင် ၂၉**

အမျိုးသားရေးတက်ကြွလှုပ်ရှားသူများစုပေါင်း၍ အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ပြုလုပ်သည်။


ရှေးဦးစွာ တက်ရောက်လာကြသည့် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက နိုင်ငံတော်သီချင်းကို သံပြိုင်ရွတ်ဆိုကာ ထောက်ခံပွဲကို ဖွင့်လှစ်ခဲ့ပြီး အကြမ်းဖက် အစွန်းရောက်လုပ်ရပ်များ(အလိုမရှိ)၊ အပြစ်မဲ့သံဃာနှင့် ပြည်သူများအပေါ် ယုတ်မာကောက်ကျစ်မှုများ (အလိုမရှိ)၊ နိုင်ငံတော်ထိခိုက်မည့် အကြမ်းဖက်လုပ်ရပ်မှန်သမျှ (ဆန့်ကျင်ကြ)၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေး ထောက်ခံသူများ (ဆန့်ကျင်ကြ)၊ နိုင်ငံတော်အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေသည့် ပြည်ပအားကိုး ဒေါ်လာစားပြည်ဖျက်လောက်ကောင်များအား (ဆန့်ကျင်ကြ)ဟူသော ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြသည်။

ထို့နောက် အစွန်းရောက်အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများ၊ အကြမ်းဖက်လုပ်ရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဟောပြောခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့သည်။





ယင်းနောက် တက်ရောက်လာကြသည့် အမျိုးသားရေးတက်ကြွလှုပ်ရှားသူများက ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး အစွန်းရောက် အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော်ပွဲကို ရပ်နားခဲ့သည်။

**သတင်းစဉ်**



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၌ ခြိမ်းခြောက်စာများတွေ့ရှိမှု။



မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ်၌ ခြိမ်းခြောက်စာတွေ့ရှိမှု။

**■ မြို့နယ်အချို့မှ**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် သေတ္တာရာကျေးရွာနေ ပုလဲအခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြကျောင်းဆရာဖြစ်သူ ဦးစိုင်းမင်းလတ် (၃၈)နှစ် (ဘ)ဦးဘရွှေသည် ၎င်း၏ နေအိမ်၌ရှိနေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိလာပြီး ဦးစိုင်းမင်းလတ်အား သေနတ်၊ ဓားတို့ဖြင့် ဝိုင်းဝန်းပစ်ခတ်ထိုးခုတ်ခဲ့သဖြင့် ဦးစိုင်းမင်းလတ်တွင် သေနတ်၊ ဓားဒဏ်ရာများရရှိခဲ့၍ ဆေးဝါးကုသနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

အလားတူ ည ၇ နာရီ ၄၅ မိနစ်တွင် မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် အောင်ဆန်းရပ်ကွက်ရှိ မြို့နယ်ပညာရေးမှူးရုံး၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါရုံး၌ လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် ရုံးပြတင်းပေါက် မှန်များ ကွဲအက်ပျက်စီးခဲ့ကြောင်း သိရသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ကညံ့ရပ်ကွက် မြေတိုက်ကျောင်းလမ်းရှိ ကညံ့အခြေခံပညာမူလတန်းကျောင်းရှေ့ လမ်းပေါ်၌လည်းကောင်း၊ ထားဝယ်မြို့နယ် ဟိန္ဒားကျေးရွာနေ ဦးကြည်ထွန်း (၅၀) နှစ် (ဘ) ဦးထွန်းကြည်နှင့် တစ်ရွာတည်းနေ အလယ်တန်းပြကျောင်းဆရာမဖြစ်သူ ဒေါ်နီနီဆင့်တို့၏ နေအိမ်ရှေ့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် တွင်းများကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ကျောင်းရုံးခန်းဝင်ပေါက်တံခါးမကြီး၏ အောက်ခြေအခင်းပေါ်၌ လည်းကောင်း ခြိမ်းခြောက်စာများ တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ ခြိမ်းခြောက်စာသားများရေးသားထားသည့် စာစောင်များတွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြောင်းနှင့် အနီးပတ်ဝန်းကျင်တို့၌ မိုင်းရှင်းလင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အလားတူ နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် အမှတ် (၁၀)ရပ်ကွက်ရှိ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းဝင်းနေ အထက်တန်းပြဆရာမဖြစ်သူ ဒေါ်ဝါဝါရွှေ (၄၀)နှစ် (ဘ)ဦးလှရွှေကို PDF အမည်ခံ အကြမ်းဖက်သူ အမျိုးသားတစ်ဦးက ဖုန်းဖြင့် ဆက်သွယ်၍ ခြိမ်းခြောက်ခြင်းနှင့် ငွေတောင်းခံခြင်းများ လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

**❍ အာဆီယံမှ**

မြန်မာအသင်းသည် အုပ်စုဒုတိယနေ့ပြီးကတည်းက ဆီမီးဖိုင်နယ် တက်ရောက်ပြီးဖြစ်သောကြောင့် ယခုပွဲတွင် အရန်ကစားသမားအများစုဖြင့် ပွဲထွက်ခဲ့သော်လည်း အာရှထိပ်သီး ဩစတြေးလျကို ကျဉ်းမြောင်းသည့်ရလဒ်ဖြင့်သာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**ဖိအားပေးကစားနိုင်ခဲ့**

မြန်မာအသင်းသည် လူစုံအသုံးမပြုသော်လည်း ဩစတြေးလျကို ဖိအားပေးကစားနိုင်ခဲ့သည်။ ပွဲအစ သုံးမိနစ်တွင် ဘရောင်းက ဩစတြေးလျအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ၂၃ မိနစ်တွင် ဇင်မိုးပြည့်က မြန်မာအသင်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့သည်။ ဒုတိယပိုင်းတွင် ဩစတြေးလျအသင်းက အနိုင်ဂိုးရရှိရန် တိုက်စစ်မြှင့်လာပြီး မြန်မာအသင်းအနေဖြင့် ဂိုးမပေးရရန် အဆင့်ဆင့် ပိတ်ဆို့ကစားခဲ့သည်။ သို့သော် ၆၅ မိနစ်တွင် ဩစတြေးလျအသင်း ဒုတိယဂိုးရခဲ့ပြီး ဂရာဒီက သွင်းယူခဲ့ခြင်းဖြစ်သည်။

အုပ်စု (ခ) ပွဲစဉ်များအပြီးတွင် ဩစတြေးလျအသင်းက သုံးပွဲစလုံးအနိုင်ရကာ ရမှတ် ကိုးမှတ်ဖြင့် အုပ်စုပထမ၊ မြန်မာအသင်းက နှစ်ပွဲနိုင်၊ တစ်ပွဲရှုံး၊ ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်သွားပြီး သုံးမှတ်ရရှိသည့် မလေးရှားအသင်းနှင့် သုံးပွဲစလုံး အရေးနိမ့်ခဲ့သည့် ဖိလစ်ပိုင်အသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ အုပ်စု (က) နောက်ဆုံးနေ့ကို ဇူလိုင် ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဗီယက်နမ်နှင့် ထိုင်းအသင်းမှာ ရမှတ် ကိုးမှတ်စီဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ထားပြီးဖြစ်သည်။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MFF**

# မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဘားအံမွေးမြူရေးဇုန်ဖွင့်ပွဲ ကျင်းပ

ဘားအံ ဇူလိုင် ၂၉

ကရင်ပြည်နယ်အတွင်း အသားထုတ်လုပ်မှု ကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာစေပြီး ဒေသတွင်း စားသုံးမှုဖူလုံပိုလျှံကာ ပြည်တွင်းပြည်ပဈေးကွက်များသို့ မွေးမြူရေးထုတ်ကုန်များတင်ပို့ရောင်းချနိုင်ရေး ကရင်ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ဘားအံမြို့နယ် စံဖရီးကျေးရွာအုပ်စုရှိ ဘားအံမွေးမြူရေးဇုန် ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက အဆိုပါမွေးမြူရေးဇုန်မုခ်ဦး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။



**ရှင်းလင်းပြောကြား**

ထို့နောက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်ဟန်က ဇုန်အတွင်းမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကို လည်းကောင်း၊ ဘားအံမွေးမြူရေးဇုန် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က မွေးမြူရေးဇုန်ဖွင့်လှစ်မှုအခြေအနေကို လည်းကောင်း ရှင်းလင်းပြောကြားသည်။

ဘားအံမွေးမြူရေးဇုန်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး မြေဧရိယာ ၁၃၇ ဒသမ ၄၆ ဧကတွင် တစ်ဧကအကျယ် တစ်ယူနစ် အကွက်ပေါင်း ၉၀၊ ယူနစ်မပြည့်သည့် အကွက်ပေါင်း ၁၆ ကွက် စုစုပေါင်း ၁၀၆ ယူနစ်ကို ဖော်ထုတ်၍ ကရင်ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေကျပ် ၈၂၁ ဒသမ ၆၁ သန်းဖြင့် မြေသားလမ်း လေးမိုင်၊ ကျောက်ချောလမ်းအဆင့်မြှင့်တင်ခြင်းနှစ်မိုင်အပါအဝင် လျှပ်စစ်မီးရရှိရေး၊ ရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ယခုလက်ရှိဘားအံမွေးမြူရေးဇုန်တွင် နွားအကောင် ၃၀၀၊ ဆိတ်အကောင် ၃၂၅၀၊ ဥစားကြက်အကောင် ၃၀၀၀၀၊ ဒေသကြက်အကောင် ၁၂၀၀၀၊ သဘာဝမြေဩဇာ စက်ရုံနှစ်ရုံ၊ မွေးမြူရေးအစားအစာနှင့် ဆေးဝါးအရောင်းဆိုင်တစ်ဆိုင်တို့ကို ဖွင့်လှစ်ထားရှိကာ မွေးမြူရေးလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှု တန်ဖိုးငွေကျပ် ၈၈၇၉ ဒသမ ၇၃၆ သန်း ဖြစ်သည့်အတွက် ဘားအံမွေးမြူရေးဇုန်၏ လက်ရှိရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ် သန်း ၉၆၀၀ ဒသမ ၁၂၀ ခန့်ရှိကြောင်း သိရသည်။

အဆိုပါဘားအံမွေးမြူရေးဇုန်ကို ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမျိုးမင်းနောင်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်နှင့် ဘားအံမွေးမြူရေးဇုန်ကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဘားအံမွေးမြူရေးဇုန်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ဇုန်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မွေးမြူရေးဇုန်ဖွင့်ပွဲသို့ တက်ရောက်လာသော တိုင်းရင်းသားယဉ်ကျေးမှု ကိုယ်စားလှယ်အဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ပြီး ဘားအံမွေးမြူရေးဇုန်ဖွင့်ပွဲအထိမ်းအမှတ်ပြခန်းတွင် ခင်းကျင်းပြသထားသော ဇုန်ဖော်ထုတ်မှုမှတ်တမ်းဓာတ်ပုံများ၊ မွေးမြူရေးအစားအစာ၊ ဆေးဝါးနှင့် မွေးမြူရေးဆိုင်ရာ အသိပညာပေးနံရံကပ်ပိုစတာများ၊ တိရစ္ဆာန်အစာတောင့်ကြိတ်စက်များကို ကြည့်ရှုအားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမွေးမြူရေးဇုန်၌ မွေးမြူရေးလုပ်ငန်းရှင်များ၏ နွားမွေးမြူရေးခြံ၊ ဆိတ်မွေးမြူရေးခြံ၊ ဒေသကြက်နှင့် ဥစားကြက်ခြံများ၊ မွေးမြူရေးအစားအစာနှင့် ဆေးဝါးအရောင်းဆိုင်၊ သဘာဝမြေဩဇာ ထုတ်လုပ်ရေးစက်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဘားအံမွေးမြူရေးဇုန်သည် အစာအာဟာရပြည့်ဝသော၊ ဇီဝလုံခြုံမှုနှင့်ကူးစက်ရောဂါ ထိန်းချုပ်မှုများကို စနစ်တကျစီမံခန့်ခွဲနိုင်သော၊ မွေးမြူရေးထုတ်ကုန်များကို တစ်နေရာတည်း၌ စုပေါင်းထုတ်လုပ်နိုင်သော၊ တိရစ္ဆာန်များ သက်သောင့်သက်သာစွာ နေထိုင်စားသောက်နိုင်ရေး (animal welfare)နှင့်အညီ အဆောက်အအုံများကို တည်ဆောက်မွေးမြူစေပြီး စိုက်ပျိုးရိတ်သိမ်းကျွေးမွေးသည့် (Cut & Carry ) စနစ်ကို ကျင့်သုံးသွားမည့် ပထမဆုံးမွေးမြူရေးဇုန်တစ်ခုဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မော်လမြိုင်မြို့ တိုးချဲ့ကမ်းနားလမ်းရှိ သဲသောင်ပြင်နေရာတွင် ရာမညကစားကွင်း တည်ဆောက်သွားမည်

မော်လမြိုင် ဇွန် ၂၉

မော်လမြိုင်မြို့ သာယာလှပရေးနှင့် ဒေသခံပြည်သူများ အပန်းဖြေအနားယူနိုင်ရန် ရည်ရွယ်၍ မော်လမြိုင်မြို့တိုးချဲ့ ကမ်းနားလမ်းရှိ သဲသောင်ပြင်နေရာတွင် အရှည်ပေ ၅၀၀၊ အကျယ်ပေ ၁၁၀ ရှိသည့် ရာမညကစားကွင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"အခုတည်ဆောက်မယ့် ရာမညကစားကွင်းမှာ စကိတ်ကွင်း၊ ဖျော်ဖြေရေးဧရိယာအတွင်း စတိတ်စင်၊ မြစ်ကမ်းသာလျှောက်လမ်းတစ်လျှောက် လမ်းမီးတွေနဲ့ ကစားကွင်းအတွင်း အလှမီးတိုင်တွေ၊ သပ်ရပ်လှပတဲ့ မြေယာရှုခင်းပေါ်မှာ သစ်ပင်၊ ပန်းပင်၊ ကလေးကစားကွင်းနဲ့ နားနေထိုင်ခုံတွေပါရှိမှာ ဖြစ်ပါတယ်၊ ဒါ့အပြင် နေဝင်ဆည်းဆာအလှကြည့်ရှုဖို့နေရာ၊ မသန်စွမ်းသူတွေ အဆင်ပြေစွာ သွားလာအသုံးပြုနိုင်ဖို့ သီးသန့်သန့်စင်ခန်းအပြင် သာမန်ပြည်သူတွေအသုံးပြုဖို့ အများသုံးခေတ်မီသန့်စင်ခန်းနဲ့ ယာဉ်ရပ်နားဖို့နေရာလည်း ပါရှိမှာဖြစ်ပါတယ်။ ဒေသခံပြည်သူတွေအနေနဲ့ ရာမညကစားကွင်းကို အမှီပြုပြီး အလုပ်အကိုင်အခွင့်အလမ်းနဲ့ ဝင်ငွေတွေလည်း တိုးပွားစေမှာပါ" ဟု မော်လမြိုင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ထွဋ်က ပြောသည်။

အဆိုပါ ရာမညကစားကွင်း တည်ဆောက်ပြီးစီးပါက မည်သူမဆိုအခမဲ့လာရောက် လည်ပတ်ခွင့်ရှိမည်ဖြစ်ပြီး ကစားကွင်းအတွင်း ကော်ဖီဆိုင်၊ အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်၊ အားကစားပစ္စည်းဆိုင်နှင့် စတိုးဆိုင်များလည်း ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

မော်လမြိုင် ကမ်းနားလမ်းသည် ၃ မိုင် ၇ ဒသမ ၆၃ ဖာလုံ အရှည်ရှိပြီး မြန်မာနိုင်ငံအတွင်းရှိ ကမ်းနားလမ်းများအနက် အရှည်ဆုံး ကမ်းနားလမ်းတစ်ခုဖြစ်ကြောင်း သိရသည်။

"ရာမညကစားကွင်း တည်ဆောက်ပြီးစီးသွားရင် သံလွင်မြစ်အလှကို ခံစားပြီး မိသားစုနဲ့အတူ အပန်းဖြေအနားယူနိုင်ဖို့ နေရာတစ်ခုတိုးလာသလို ဒေသထွက်ကုန်တွေနဲ့ ဒေသအစားအစာတွေကိုလည်း တစ်နေရာတည်းမှာ တစုတစည်းတည်း ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါ့အပြင် ဖျော်ဖြေရေး အစီအစဉ်တွေ ပါဝင်တယ်ဆိုတာ သိရတဲ့အတွက် ကျွန်မတို့လို လူငယ်တွေအတွက် ပိုပြီးဝမ်းသာမိပါတယ်။ လာရောက်လည်ပတ်တဲ့သူတွေအနေနဲ့ မော်လမြိုင်မြို့ရဲ့ နေဝင်ဆည်းဆာအလှကိုလည်း ကြည့်ရှုခံစားရမှာ ဖြစ်ပါတယ်။ ကစားကွင်းတည်ဆောက်ပြီးရင် မော်လမြိုင်မြို့ကို တခြားဒေသက လာရောက်လည်ပတ်တဲ့ ခရီးသွားပြည်သူတွေအတွက် လည်ပတ်စရာနေရာတစ်ခု ဖြစ်လာမှာပါ" ဟု ဒေသခံ မစန်းယဉ်ထွေးက ပြောသည်။




မော်လမြိုင်မြို့ တိုးချဲ့ကမ်းနားလမ်းရှိ သဲသောင်ပြင်နေရာတွင်တည်ဆောက်မည့် ရာမညကစားကွင်း ပုံစံငယ်။

**မင်းမင်း**

■

# မိတ္ထီလာမြို့နယ်၌ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ အကျိုးခံစားခွင့်ထုတ်ပေး

မိတ္ထီလာ ဇူလိုင် ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လူမှုဖူလုံရေးအဖွဲ့က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေနှင့်အညီ ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်မှုအတွက် အကျိုးခံစားခွင့်နှင့် အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ထုတ်ပေးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများဖြစ်သည့် အာမခံအလုပ်သမားများအကြောင်း၊ မကျန်းမာမှုအတွက် ဆေးကုသမှုခံယူခွင့်၊ မကျန်းမာမှုအတွက် ငွေကြေးအကျိုးခံစားခွင့်၊ ကိုယ်ဝန်ဆောင်မှုနှင့် မီးဖွားမှုအတွက် ဆေးကုသမှု၊ ငွေကြေးခံစားခွင့်နှင့် မီးဖွားစရိတ်ခံစားခွင့်၊ ဖခင်ဘဝဖြစ်မှု ငွေကြေးအကျိုးခံစားခွင့်နှင့် ဖခင်ဘဝဖြစ်မှုစရိတ်၊ အငြိမ်းစားယူပြီးနောက် ဆေးကုသမှုဆက်လက်ခံယူခွင့်၊ အာမခံအလုပ်သမားသေဆုံးလျှင် နာရေးစရိတ်ခံစားခွင့်၊ အလုပ်တွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေကြေးအကျိုးခံစားခွင့် စသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦးက မြို့နယ်လူမှုဖူလုံရေးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံမှ အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးသွားသည့် အာမခံအလုပ်သမား ဦးညီညီဝင်း၏ဇနီးအား ကျန်ရစ်သူအကျိုးခံစားခွင့်ငွေကျပ် ၇၂၀၀၀၀၀ ပေးအပ်ခဲ့သည်။ ဆက်လက်၍ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးကြည်က တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံမှ အာမခံအမျိုးသမီးခြောက်ဦး၏ မီးဖွားခြင်းအတွက် မီးဖွားစရိတ် ငွေကျပ် ၄၄၁၀၀၀ ကို ပေးအပ်ရာ တပ်မတော် ချည်မျှင်နှင့် အထည်စက်ရုံမှ ဒေါ်ခိုင်စန္ဒာက လက်ခံခဲ့သည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝနှင့် စာရေးဆရာ ဆင်ဖြူကျွန်းအောင်သိန်းတို့၏ ဝတ္ထုတိုကို အပတ်စဉ်စနေနေ့တိုင်းတွင် တစ်လှည့်စီဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ဒဏ်

**ဆင်ဖြူကျွန်းအောင်သိန်း**

ကိုဆေးရိုးက သက်မချလျက် ပျိုးခင်းကို မျက်နှာလွှဲလိုက်သည်။ မင်ရည်လိုင်းသဖွယ် ပြာမှောင်သိပ်သည်းသည့် မိုးတိမ်တိုက်များသည် တောင်မှ လိမ့်၍လိမ့်၍ တက်လာလေ၏။ တစ်ပါတည်းပင် အေးမြချမ်းစိမ့်စိမ့်လေပြည်သည်ပါလာ၏။ မှန်ပြင်သဖွယ် ရေပြင်ကြည်လဲ့လဲ့တို့သည် လှိုင်းကြက်ဆုံ၍ မာန်ဟုန်ကြွလာကြသည်။ လယ်ကွက်များအတွင်းရှိ လေစုန်ကျရာ ကန်သင်းထောင့်တိုင်းတွင် ဖွဲ့စည်းခိုအောင်းနေကြသော အမှိုက်ဆွေးတို့သည် ဆောက်တည်ရာမရသူအလား လူးလွန့်လှုပ်ရှားနေကြသည်။ အချို့သည် ကန်သင်းပေါ်သို့ လွင့်စဉ်သွားကြသည်။ အချို့ကား ကန်သင်းဖြင့် ရိုက်မိပြီး ပြန်လာသော ရေလုံးနောက်သို့ ကွဲပြားလိုက်ပါသွားကြရ၍ အချို့မှာမူ ကန်သင်းပေါ် ရောက်ချည်၊ ရေထဲကျချည်၊ ဟိုသည်ကူးချည်ဖြင့် ပြယ်စင်ကွဲပြားဆောက်တည်ရာ ရှားနေလေ၏။

"မိုးတွေလာနေပြီဟေ့"

မြောင်းကြီးနှင့် ချုံတန်းများခြားနေသည့် မြောက်ဘက်လယ်ပွဲမှ ငဆယ်တို့ညီအစ်ကိုတစ်တွေ၏ အော်ဟစ်သံသည် ထွက်ပေါ်လာ၏။ မရေးမနှောင်းပင် မိုးလုံးကြီးများ ရွာချလာလေသည်။ လေပါရောနှောက်နေသောကြောင့်လည်း ထန်းပင်များသည် အညာသူမ၏ခါးညွတ်ပျောင်းပုံကဲ့သို့လည်းကောင်း၊ ညောင်ပင်များသည် ယိမ်းသူမတို့၏ လက်ချိုးကွေ့ဝိုက်ဟန်ကဲ့သို့လည်းကောင်း လူးလွန့်ကြကုန်၏။ ကန်သင်းထောင့်များရှိ ဒိုက်သရောတို့သည် ပြင်းထန်သောမိုးလုံး၏ဒဏ်ကြောင့် ဖွဲ့ယှက်ဆက်စပ်ထားသော ဒိုက်ပြင်သည် လုံးဝကွဲစဉ်လွင့်မြုပ်သွားရလေသည်။ ၎င်းတို့အတွက် ဆောက်တည်ရာသည် လုံးဝပျောက်သွားခဲ့ရချေသည်။ ဤနှယ် ဆောက်တည်ရာကင်းမဲ့နေသူကား ကိုဆေးရိုးပင်။

မိုးလုံးများသည် လောက်စာလုံး အသေးစားလောက်ပင်ကြီးမား၏။ သူ၏ကျောပြင်သို့ အဆက်မပြတ်ကျရောက်လာသော မိုးလုံး၏ဒဏ်ကို ကိုဆေးရိုးကမမှုပေ။ နာကျင်သည်၊ ကျိန်းစပ်သည်ကိုပင် ကိုဆေးရိုး မသိလေရော့သလား။ တုတ်တုတ်မျှမလှုပ်။ ဆောင့်ကာဆောင့်ကာ တိုးလာသည့်လေသည် အားနှင့်အင်နှင့်ပြည့်ဝ၏။ ပြီးတော့ အရိုးသို့တိုင်အောင် အေးစေ၏။ ကိုဆေးရိုးကား အေးသည်ဟု မထင်၊ ချမ်းသည်ဟု သဘောမထားရော့သလား။ ကန်သင်းပေါ်မှာ ငုတ်တုတ်ကြီးသာ ထိုင်နေ၏။ မျှော်၍ မဆုံးနိုင်သော လယ်တောကြီးအတွင်းဝယ် သူတစ်ယောက်သာ ရှိလေသည့်နှယ်။ ခပ်လှမ်းလှမ်းရှိ လက်ပံပင်အိုကြီးပေါ်တွင်ကား မိုးလေ၏ဒဏ်ကို မည်သို့မျှ မတွန်းဖြို မကာကွယ်နိုင်သောကြောင့် သစ်ပင်ခွကြား၌ လည်စင်းငုံ့ခံနေရသော လင်းတအိုကြီးတစ်ကောင်၏အဖြစ်သည် လည်းကောင်း၊ အသွင်သည်လည်းကောင်း ကိုဆေးရိုးနှင့် ဘာမျှမခြားပါကလား။ တကယ်တွင် ကိုဆေးရိုး၏ ရင်တွင်း၌ မီးတောက်နေခဲ့ရသည်။ မြိုးမြိုးမြက်မြက်ကလေးစားချင်၍ ဆိုင်းသမားလုပ်မိသူ၏ ငွေငါးကျပ်လျော်ရခြင်း၊ ပေါ့ပါးစေလိုသဖြင့် ကြောင်ဆေးထိုးသူ၏ စုတ်ချက်စုတ်ဒဏ်ကြောင့် အိပ်ရာထဲတွင် လဲခြင်းသည်လည်းကောင်း ကိုဆေးရိုးနှင့်နှိုင်းစာလေပါက ရယ်ဖွယ်သာ။

ပျိုးနုတ်ခသက်သာမည်။ မျိုးစပါးဖိုး အကုန်အကျနည်းမည်။ သယ်ရပိုးရ ပေ့ါပါးမည်ဆိုသောကြောင့် ထောင်ခဲ့သော အခြောက်ပျိုးသည် စိုက်ခါနီးမှ ပျိုးနုတ်ပေးမည့်သူ မရှိလောက်အောင် ပျိုးခင်းတစ်ခုလုံးကို မုန်ညင်းမြက်နှင့် ပုရွက်ဆိတ်တို့ မင်းမူနေလေသည် မဟုတ်ပါလော။

စိုက်ခင်းများသည် ရေတဖွေးဖွေးနှင့် ပျိုးပင်ပျိုလေးများကို စောင့်ကြိုနေလေပြီ။ စိုက်ရန်ပျိုးပင်ကား ပျိုးခင်းထဲမှ ထွက်ခွင့်မသာ။ ဝယ်၍စိုက်လျှင်လည်း ဖြစ်နိုင်ပါ၏။ သို့ရာတွင် ယမန်နှစ်က ပျိုးထောင်သူများ ပျိုးပိုများကို နွားရိတ်ကျွေးပစ်ခဲ့ရသဖြင့် သည်နှစ်တွင် ပျိုးထောင်သူမရှိ။ ထို့ကြောင့် ပျိုးရောင်းမည့်သူသည် အနီးအနား၌မရှိ။ ဘယ်လိုလုပ်မည်နည်း။ ဘယ်လိုလုပ်မည်နည်း။

ဤမေးခွန်းသည် သူ့ခေါင်းထဲ၌ ချာချာလည် ပေါ်ထွက်နေ၏။ မည်သို့လုပ်မည်နည်းဟူသော ပထမမေးခွန်းတစ်ခု ပျောက်မသွားမီ နောက်တစ်ခု ထမ်မံပေါ်လာပြန်သည်။ ဘယ်လိုလုပ်မည်နည်း။ မေးခွန်းများက ထပ်ဆင့်ဆင့်ကဲပေါ်ပေါက်လာပေသည့် ကိုဆေးရိုးက ဖြေဆိုနိုင်ခြင်းမရှိ။ အခက်အခဲကို ဘယ်လိုဖြေရှင်းရမည်ဟူသော ဆုံးဖြတ်ချက်ကို ကြံစည်ဖော်ထုတ်ရန်မတတ်နိုင်ချေ။ သို့သော် သူတတ်နိုင်သည်ကား မျက်နှာပြင်မှ မိုးရေပေါက်များကို သပ်ချနိုင်ခြင်းနှင့် သက်မတစ်ချက်ကို မှုတ်ထုတ်နိုင်ခြင်းပေ။

အကယ်၍သာ ကိုဆေးရိုးသည် စောစောပိုင်းက မိသားစု၏ စုပေါင်းတာဝန်ယူခြင်းကို တန်ဖိုးထားခဲ့လျှင်၊ သည်အိမ်ထောင်မှာ ငါလုပ်ချင်တာလုပ်မည်၊ အဲဒီလိုလုပ်တာမှန်သည်၊ သား၏အကြံပေးချက်၊ မယားနှင့်သမီး၏ အကြံပေးချက်ကို လူရာသွင်းသည့်စိတ်မွေးခဲ့လျှင် သည်လိုအကျပ်အတည်းနှင့် ရင်ဆိုင်ကောင်းမှဆိုင်ရမည်။ သို့ရာတွင် ကိုဆေးရိုးက ယခုထက်တိုင်အကျပ်အတည်းကို သူတစ်ယောက်တည်း ဖြေရှင်းမည်ဟူသော လူစွမ်းကောင်းစိတ်ကို မွေးမြူလျက်ရှိပါသေးကလား။ တကယ်တော့ လင်းတကြီးလိုမှိုင်ကာ သက်မကို အခါခါချရုံမှအပ ဘာမျှမတတ်နိုင်သော လူစွမ်းကောင်းကြီးသာဖြစ်၏။

* * * * *

"ကိုဆေးရိုး"

မကျီးဒန်က ဆန်ဆေးနေရာမှ ကိုဆေးရိုးကို လှမ်းခေါ်လေသည်။ ကိုဆေးရိုးမှာ မကျီးဒန်ကိုလည်းမကြည့်။ မကျီးဒန်၏အသံကိုမျှ မကြားပေ။ အခြောက်ပျိုးထောင်နည်းကို ပေးသွားသော သူငယ်ချင်းကို လှမ်းမျှော်ကြည့်ရင်း အခြောက်ပျိုးစီမံကိန်းဝယ် နစ်မြုပ်နေသောကြောင့် မကျီးဒန်၏ခေါ်သံကို မကြားနိုင်ခြင်းဖြစ်ပေ၏။

"ကိုဆေးရိုး ... ခေါ်တာများလည်း လှည့်ကြည့်ပါဦးတော်ရဲ့"

မကျီးဒန်က ငေါက်ဆတ်ဆတ် ငေါ့တော့တော့ဖြင့် အသံကိုမြှင့်ပြီး အော်လိုက်တော့မှ ကိုဆေးရိုးက ချာခနဲလှည့်ကြည့်သည်။

"ဘာလဲဟ" ကိုဆေးရိုးကလည်း ငေါက်ဆတ်ဆတ်ပင် ပြန်မေး၏။

"တော့်အကောင်ပြောသွားတာကို တော်က အဟုတ်ကြီးမှတ်မနေနဲ့။ အဲဒီကောင်က အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား၊ လူပေါ်ကြော့နော်။ အဲဒါကို အဟုတ်ထင်မနေနဲ့ဦး။ တကယ်လို့ လုပ်ချင်သည့်တိုင်အောင် သည့်ပြင်မှာ မေးမြန်းစုံစမ်းပါဦး"

"ညည်း နားမလည်ပါဘူးအေ"

မကျီးဒန်၏မျက်နှာမှာ ချက်ချင်းတင်းမာသွားသည်။ ဒီအပြောမျိုးကို နည်းနည်းမျှမကြိုက်။

"နားမလည်လို့ စူးစူးစမ်းစမ်းလုပ်ပါ ပြောတာပေ့ါတော်ရဲ့။ နားလည်ရင် ဒီလိုဒီလိုလုပ်၊ ဟိုလိုမလုပ်နဲ့လို့ ပြောမှာပေ့ါ"

မကျီးဒန်က လက်ထဲတွင် တင်ကျန်နေခဲ့သောဆန်စေ့များကို ထမင်းအိုးထဲသို့ ဆောင့်ပက်လိုက်ပြီးနောက် ရေမှုတ်ကို ရေအိုးထဲသို့ ဆောင့်နှစ်ပြီး ခပ်လိုက်ပြန်ရာ လိုဏ်သံသည် ရေအိုးထဲမှ ပျံ့ထွက်လာသည်တွင် ကိုဆေးရိုးက အေးအေးသာသာပြောလေသည်။

"ငါလည်း ကလေးမှမဟုတ်ဘဲအေ၊ ဒါလောက်တော့ သိတာပေ့ါ၊ ညည်းတို့မှာ ဆောင့်ဖို့အောင့်ဖို့လောက်ပဲ သိတာပဲ"

"ဟုတ်ပါတယ်၊ တော်ပဲ သိပါတယ်၊ တော်ပဲ တတ်ပါတယ်"

"ဟ... စပါးဆယ်တောင်းထောင်ရတဲ့ လယ်ပွဲတစ်ပွဲဟာ အခြောက်ပျိုးထောင်ရင် သုံးတောင်းလောက်ပဲ ထောင်ရမယ်ဆိုတော့ ခုနစ်တောင်းတောင် သက်သာနေတာ။ ခုနစ်တောင်းဆိုရင် သုံးကျပ်ခွဲဈေးနဲ့ ငွေ ၂၄ ကျပ်ခွဲတောင်ဟဲ့"

"တော့်ကို ကျုပ်က သက်သာတာ၊ မသက်သာတာကို ပြောနေတာ မဟုတ်ဘူး။ ဒီကောင်ပြောသွားတာ ဟုတ်၊ မဟုတ်၊ ဖြစ်နိုင်၊ မဖြစ်နိုင်ကို ပြောနေတာ"

"ဟုတ်တယ်အဖေ"

ဘညိန်း၏အသံတည်း။ ဘညိန်းက လုံချည်ကို သုံးမြှောင့်ပုံချိုးလျက် ရင်ဘတ်မှာစလွယ်သိုင်းပြီး ပတ်ထားသည်။ သူက ရေခပ်ပြီးတဲနောက်ဖေးဘက်မှ ဝင်လာကာ ရပ်နားထောင်နေခြင်း ဖြစ်၏။

"လာပြန်ပလားတစ်ယောက်၊ ဘာဟုတ်တာလဲ"

ကိုဆေးရိုးက ဘညိန်းကိုလှည့်ကြည့်ပြီး မာန်လေ၏။

"ဟုတ်တယ် အဖေ၊ အခြောက်ပျိုးထောင်တာကို ကျုပ်လည်း ကြားဖူးတယ်။ တကယ်လို့သာ ကောင်းရိုးမှန်ရင် ဒိပြင်လူတွေလည်း လုပ်ကြ၊ ထောင်ကြမှာပေ့ါ အဖေရ"

"ဟ... တို့ရွာကအကောင်တွေရဲ့အကျင့်က သူများလုပ်မှ လိုက်လုပ်တဲ့ဟာတွေဟ"

ဘညိန်း၏မျက်နှာမှာ ရှုံ့မဲ့သွားသည်။ "ဒီနည်းက မှန်းနားမှာကောင်းပေမယ့် ကျုပ်တို့ဆီမှာ မကောင်းလို့ဖြစ်မှာပေ့ါ ။ မနှစ်တုန်းက မိုးဝင်းရွာကလူတွေ အတော်များများပဲ အခြောက်ပျိုးထောင်ကြတာ။ မုန်ညင်းကိုမနိုင်လို့ ထွန်ပစ်ရသတဲ့"

အကယ်၍သာ ကိုဆေးရိုးသည် စောစောပိုင်းက မိသားစု၏ စုပေါင်းတာဝန်ယူခြင်းကို တန်ဖိုးထားခဲ့လျှင်၊ သည်အိမ်ထောင်မှာ ငါလုပ်ချင်တာလုပ်မည်၊ အဲဒီလိုလုပ်တာမှန်သည်၊ သား၏အကြံပေးချက်၊ မယားနှင့်သမီး၏ အကြံပေးချက်ကို လူရာသွင်းသည့်စိတ်မွေးခဲ့လျှင် သည်လိုအကျပ်အတည်းနှင့် ရင်ဆိုင်ကောင်းမှဆိုင်ရမည်။ သို့ရာတွင် ကိုဆေးရိုးက ယခုထက်တိုင် အကျပ်အတည်းကို သူတစ်ယောက်တည်း ဖြေရှင်းမည်ဟူသော လူစွမ်းကောင်းစိတ်ကို မွေးမြူလျက်ရှိပါသေးကလား။ တကယ်တော့ လင်းတကြီးလိုမှိုင်ကာ သက်မကိုအခါခါချရုံမှအပ ဘာမျှမတတ်နိုင်သော လူစွမ်းကောင်းကြီးသာဖြစ်၏

သည်စဉ်တွင် တစ်ချိန်လုံး ချောင်ထဲ၌ကုပ်ပြီး အဝတ်စုတ်များကို ဖာထေးစပ်ဟပ်နေသော ချောစိန်က ဝင်ပြောပြန်၏။

"မတော်တဆပျက်စီးသွားမှဖြင့် အဖေရယ်၊ စိုက်ခါနီးကြီးမှာ ဒုက္ခရောက်နေပါဦးမယ်"

"ညည်းတို့ပဲ ညည်းတို့အဖေကို ပြောကြပေတော့၊ ကျုပ်တို့တော့ ညည်းတို့အဖေက လူရာမသွင်းလို့ မပြောတော့ပါဘူး"

မကျီးဒန်က ကိုဆေးရိုးကို ကျောခိုင်းလိုက်ကာ ထမင်းအိုးကို မီးဖိုပေါ်တင်လိုက်သည်။ ကိုဆေးရိုးကမူ မကျီးဒန်ကို မည်သို့မျှခွန်းမတုံ့တော့ဘဲ မျက်စောင်းတစ်ချက်ထိုးရုံမျှသာ ထိုးလိုက်၏။ နောက်ဆေးလိပ်တိုကိုကောက်ကာ မရပ်မနားဖွာနေလိုက်သည်။

"အခြောက်ပျိုးထောင်မယ့်အစား မြေဩဇာတစ်အိတ်လောက်ဝယ်ပြီး ပျိုးခင်းထဲမှာ ထည့်စမ်းကြည့်ရအောင်ပါ အဖေရာ"

"ဟယ် .. တောက်တီးတောက်တဲ့ ပိုက်ဆံအပိုကုန်အောင် သမန်းပုပ်ထက် ဘယ်ဟာကမှ ပိုမကောင်းဘူးကွ"

ပုစွန်စာပင်ပုပ်၊ မြေဇာပင်ပုပ်၊ နွံ့ပုပ်တို့ထက် ကောင်းမွန်သော မြေဩဇာ ရှိ၊ မရှိကိုကား ဘညိန်းက မသိပေ။ သူသိသည်မှာ စပါးထွက်တစ်နှစ်ထက်တစ်နှစ် လျော့နည်းလာခြင်းပင်ဖြစ်၏။

"ဒါဖြင့်လည်း အဖေရာ၊ အဖေ့အခြောက်ပျိုးကြီးကို မေးစမ်းပြီးမှလုပ်ပါ၊ မတော်တဆ ထွန်ပစ်ရမှဖြင့်"

"မင့်ပါးစပ်ပုပ်ကြီးနဲ့ နိမိတ်မရှိတာတွေ မပြောစမ်းနဲ့ကွာ"

* * * * *

မိုးမှာ လျော့နည်းသွားသည်မရှိ။ လျော့နည်းသွားမည့်အရိပ်အယောင်ကိုလည်း မတွေ့ရပေ။ ခပ်ကြမ်းကြမ်းကြီးသာ ရွာချနေ၏။ လယ်ကွင်းပြင်ကြီးတစ်ခုလုံးမှာ ပိန်းမှောင်လျက်။ မိုးသံလေသံများကသာ လွှမ်းမိုးနေချေ၏။

ကိုဆေးရိုးသည် ငန်းပြားကိုထမ်းလျက် မြောင်းဘက်သို့ လျှောက်လာခဲ့၏။ သူက မြောင်းလက်တက်ထဲမှ မြေများကိုကော်ပြီး မြောင်းဝမှာ လေးငါးကော်ခန့်ပုံ၍ ဖိနင်းပစ်လိုက်သည်။ မိုးကြီးချိန်၌ လယ်ရိုးတစ်လျှောက် စီးဆင်းလာသော ရေများသည်ပင် ကန်သင်းကျိုးအောင် များပြားတတ်ရကား မြောင်းရေကို အဝင်မခံနိုင်ပေ။

(ဆက်လက်ဖော်ပြပါမည်)

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြု လေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်း ကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် စာမျက်နှာအချပ်ပို လေးမျက်နှာဖြင့် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

အရင်အပတ်က Unit 2: Lesson 4: Daily routine အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 3: Lesson 1: Talking about your city အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 3 Lesson 1: Talking about your city (နေထိုင်ရာ မြို့အကြောင်းပြောခြင်း)

- Places in a city (မြို့အတွင်းရှိ နေရာများ)
- asking and answering questions (အမေး၊ အဖြေပြုလုပ်ခြင်း)

### Vocabulary

(1) Look at the pictures and write down what they are and what you can see or do there. (ပုံများကိုကြည့်ပြီး ဘယ်နေရာလဲဆိုတာ ရေးချပါ။ ပြီးတော့ အဲဒီနေရာမှာ ဘာတွေမြင်နိုင်သလဲနဲ့ ဘာတွေလုပ်နိုင်သလဲဆိုတာ ချရေးပါ။)

| | | | |
|---|---|---|---|
| playground | | airport | bank |
| park | | museum | restaurant |
| hotel | library | gym | supermarket |

(1) We can play there.
(2) We can do physical exercises there.
(3) We can buy food, drinks, household items, etc. there.
(4) We can stay and have meals there.
(5) We can see planes arrive and leave there.
(6) We can save or borrow money there.
(7) We can walk, play and relax there.
(8) We can buy and eat a meal there.
(9) We can see objects of artistic, cultural or historical interest there.
(10) We can borrow books and read there.

1. 
Airport
We can see planes arrive and leave there.

2. 

________
________

3. 
________
________

4. 
________
________

5. 
________
________

6. 
________
________


7. 
________
________

8. 
________
________

9. 
________
________

10. 
________
________

(2) Look at the picture. What do you see in the picture?




(3) အထက်ပါပုံကိုကြည့်ပြီး Student A နဲ့ Student B အမေး၊ အဖြေ လေ့ကျင့်ပါ။

A: Where is the bank? B: It's next to the police station.
A: Where is the _____? B: It's _____.
A: Where is the _____? B: It's _____.
A: Where is the _____? B: It's _____.

(လာမည့်အပတ်တွင် Unit 3 Lesson 2 : At the market အကြောင်းကို ဖော်ပြပါမည်)

## Grade 7

အရင်အပတ်က Unit 2 Lesson 2: Getting rid of bad habits အကြောင်းကို ရှင်းပြခဲ့ပြီးဖြစ်ပါတယ်။ ဒီအပတ်မှာတော့ Unit 2 Lesson 3 : What an annoying habit! (ဆိုးလိုက်တဲ့အကျင့်) အကြောင်းကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 2 Lesson 3 : What an annoying habit! (ဆိုးလိုက်တဲ့အကျင့်)

- Present Simple & Present Continuous tense
- Adverbs of frequency
- always with Present Continuous tense

### Present Simple (V1)

ပုံမှန်ဖြစ်ရပ်နှင့် ယေဘုယျအမှန်တရားတို့ကို ဖော်ပြပြောဆိုရာတွင် Present Simple ကို သုံးရသည်။

We use the simple present

- to describe a regular event (ပုံမှန်ဖြစ်ရပ်)
  e.g Ni Ni **walks** to school every day.
- to express a general truth (ယေဘုယျအမှန်တရား)
  e.g It doesn't **rain** much in upper Myanmar.

### Forms

**Positive form** – I/ We/ You/ They play games every day.
He/ She/ It plays games every day.
**Negative form** – I/We/ You/ They do not play games every day.
He/ She/ It does not play games every day.
**Question form** – Do I/we/you/they play games every day?
Does he/ she/ it play games every day?
(do not= don't/ does not = doesn't)

လေ့ကျင့်ခန်းများ ဖြေဆိုပါ။

**(1) Use the Present Simple form of the verb in brackets.**

1. (drive) He ___ to work every day.
2. (not/ walk) She ___ to school.
3. (take) We often ___ the bus.
4. (speak) Do you ___ English?
5. (catch) She ___ a cold every winter.
6. (dance) Does she often ___ ?
7. (read) Do you ___ the newspaper?
8. (not / think) I ___ you are right.
9. (watch) Do you ____ a lot of TV?
10. (write) They ___ e-mails every day.

**(2) Translate the following into English. အောက်ပါတို့ကို အင်္ဂလိပ်လိုရေးပြပါ။**

၁။ မင်းမင်း နေ့တိုင်း ကော်ဖီသောက်သည်။ (drink coffee)
၂။ ဘိုဘို အခြားသူတွေကို ကူညီသည်။ (help others)
၃။ ဆရာကြီး နေ့တိုင်း အိမ်စာပေးသည်။ (give homework)
၄။ ဒေါ်လေး နံနက်တိုင်း ဘုရားရှိခိုးသည်။ (pay homage to the Buddha)
၅။ ကိုလေး နေ့တိုင်း ဘောလုံးကစားသည်။ (play football)
၆။ ကိုကို နေ့တိုင်း အိမ်စာလုပ်သည်။ (do homework)
၇။ မေမေ နေ့တိုင်း ဈေးသွားသည်။ (go shopping)
၈။ ဦးလေး နံနက်စောစော အိပ်ရာထသည်။ (get up early)
၉။ ကျွန်တော်တို့ နွေရာသီတိုင်း ကမ်းခြေသွားကြသည်။ (go to beach)
၁၀။ ဦးမောင် ကားပြင်သည်။ (fix cars)

### Present Continuous Tense (am, is, are + Ving)

လက်ရှိဖြစ်ပျက်နေတဲ့ကိစ္စရပ်နှင့် ယာယီအခိုက်အတန့်ဖြစ်ရပ်များကို ဖော်ပြပြောဆိုရာတွင် Present Continuous Tense ကို သုံးရသည်။

We use present continuous tense

* to describe something that is happening at the moment (လက်ရှိဖြစ်ပျက်နေဆဲ)

e.g Kay Kay is watching TV now.

* to talk about temporary situations (ယာယီအခိုက်အတန့်ဖြစ်ရပ်)

e.g They are working hard today.

### Forms

**Positive form** – I/We/You/They are playing football.
He/ She/ It is playing football.
**Negative form** – I/We/You/They are not playing football.
He/ She/ It is not playing football.
**Question form** – Are we/you/they playing football?
Is he/she/it playing football?
Am I playing football?
(are not= aren't, is not= isn't)

**(1) Use the present continuous form of the verb in brackets.**

1. You ________ (use) my mobile phone!
2. My dad ________(wash) his car.
3. It ________ (not rain) today.
4. We ________(sit) on the train.
5. The children ________(have) their lunch in the canteen.
6. My sister ________(talk) on the phone right now.
7. My brother ________(do) his homework at the moment.
8. My wife ________ (not cook) today.
9. U Moe ________ (help) me at present.
10. We ________(not listen) to the radio at present.

**(2) Translate the following into English.**

1. မောင်မောင် ကားမောင်းနေသည်။ (drive a car)
2. ဇော်ဇော် စာကျက်နေသည်။ (study lessons)
3. ညီမလေး သီချင်းဆိုနေသည်။ (sing a song)
4. ဦးမိုး ငါတို့ကို ကူညီနေသည်။ (help us)
5. ဒေါ်လေး အဝတ်လျှော်နေသည်။ (wash the clothes)
6. မေမေ ငါးဟင်း ချက်နေသည်။ (cook fish curry)
7. ဖေဖေ ကော်ဖီသောက်နေသည်။ (drink coffee)
8. ဆရာကြီး ငါတို့ကို စာသင်ကြားနေသည်။ (teach us)
9. မမ အင်္ဂလိပ်ဘာသာစကား သင်ယူနေသည်။ (learn English)
10. ကျွန်တော် သီချင်းနားထောင်နေသည်။ (listen to music)

(ဆက်လက်ဖော်ပြပါမည်)

## Grade 8

### Unit 3

### Lesson 1 Which activity do you like doing most?

I. **Supply the correct word for the blank in each sentence. The first letter is given to help you.**

1. Can I b_________ your dictionary for a while?
2. I bought a p__________ of gloves for you.
3. W__________ is one of the Chinese martial arts, similar to kung fu.
4. Painting has colours and forms. D___________ has lines and shapes.
5. Do you know how to p__________ the guitar?
6. You can s___________ by both hand and machines.
7. Salt is crucial in c____________.
8. Most of the students play in the school b____________.
9. My mother is k____________ a sweater for me.
10. T____________ means a collection of tools or equipment typically kept in a box or case.

**II. Supply the correct form of the words given in brackets.**

1. She was a popular ______________ (cheerleading) at the school.
2. The bank offers advice to ___________ (borrow) and savers.
3. An i____________ (instruct) is a person who is teaching something.
4. Sitting on the beach is ___________ (relax) for me.
5. I really enjoy ____________ (knit).
6. Who have a pencil __________ (sharpen)?
7. I have a beautiful blue ____________ (wool) sweater.
8. This is the _____________ (interesting) story I have ever read.
9. He is a ____________ (paint) in water colours.
10. She can create handmade gifts. She is a great ____________ (knit).

**III. Supply the correct form of the verbs given in brackets.**

1. (not, do) I ___________ my homework yet.
2. (knit) She is busy ____________ a woolen sweater.
3. (cook) Mother ___________ for the family.
4. (play) We sometimes _____________ hide and seek game.
5. (draw) My younger brother can __________ and paint pictures.
6. (paint) Look! He ___________ a picture of flowers.
7. (stitch) Every sequin ___________ on by hand last night.
8. (borrow) Many books _____________ from the library yesterday.
9. (lend) Can you ___________ me some money?
10. (instruct) Sorry! Ko Ko ___________ you how to play this game.

IV. Fill the gaps with **'borrow'** or **'lend'** in the correct form.

1. Can I _________ your mobile for a minute, please?
2. Don't _________ him the money. He should ask the bank, not you.
3. She never gave me back the 10000 Ks she __________ from me.
4. Sometimes my uncle ___________ me his car for the weekend.
5. Could I _________ your calculator, please?
6. You wouldn't __________ me 10,000 Ks, would you?
7. Has someone _________ my correction pen without asking.
8. Could you _________ me some money, please?
9. Some pupils can ___________ books from their school.
10. Will you __________ me your umbrella till tomorrow?

**V. Rewrite the sentences in the correct order.**

1. usually/ you/ lunch/ do/ have/ for/ what/ ?/

____________________________________________?

2. time/ breakfast/ they/ what/ have/ do/ ? /

____________________________________________?

3. We / homework/ do/ like/ not/ ./

____________________________________________.

4. does/ make/ breakfast/ not/ He/ ./

____________________________________________.

5. sit/ they/ the / bench/ on/ ./

____________________________________________.

(ဆက်လက်ဖော်ပြပါမည်)

## Grade 9 (စနစ်ဟောင်း)

**အရင်အပတ်က Present Perfect Continuous Tense အကြောင်း ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Simple Past Tense နဲ့ Past Continuous Tense အကြောင်းဖော်ပြသွားမှာဖြစ်ပါတယ်။**

### Simple Past Tense (V2)

အကြောင်းအရာကိစ္စတစ်ခုဟာ အတိတ်တစ်ချိန်မှာ စတင်ပြီးတော့ အတိတ်မှာပဲ ပြီးဆုံးသွားတယ်။ အခု စကားပြောဆိုတဲ့အချိန်မှာ အဲဒီ အကြောင်းကိစ္စနဲ့ပတ်သက်ပြီးတော့ အကျိုးဆက်ဘာမှမရှိတော့ဘူး ဆိုရင် (အကျိုးဆက်ပြတ်တဲ့သဘောဆိုရင်) Simple Past Tense ကို သုံးရပါတယ်။ **ခဲ့တယ်**လို့ ဘာသာပြန်ရမှာဖြစ်ပါတယ်။

### Simple Past Tense အသုံးပြုပုံ

* အတိတ်အကျိုးဆက်ပြတ်တဲ့ဖြစ်ရပ်
* အတိတ်မှာ လုပ်လေ့လုပ်ထရှိတဲ့ ဖြစ်ရပ်
* "wish" အနောက်မှာလည်း Simple Past Tense (V2) လိုက်ပါတယ်။

**e.g.** He **bought** a new car **yesterday**. (အတိတ်အကျိုးဆက်ပြတ်တဲ့ဖြစ်ရပ်)

(သူ မနေ့က ကားသစ်တစ်စီးဝယ်ခဲ့တယ်။)

ကားသစ်တစ်စီးဝယ်ခဲ့တာ မနေ့ကပါ။ မနေ့ကဆိုတာ အတိတ်အချိန်ဖြစ်ပါတယ်။ အတိတ်မှာစတင်ပြီး အတိတ်မှာပဲ ပြီးဆုံးခဲ့တဲ့ဖြစ်ရပ်။ ဒါကြောင့် Simple Past Tense (V2) ကို သုံးရပါတယ်။

e.g. I **went** for a walk every day **for two years.** (အတိတ်မှာ လုပ်လေ့လုပ်ထရှိတဲ့ဖြစ်ရပ်)

(ကျွန်တော် နေ့တိုင်းလမ်းထွက်လျှောက်တာ နှစ်နှစ်ရှိပြီ။) V2 သုံးထားတဲ့အတွက် ယခုအချိန်မှာတော့ လမ်းထွက်မလျှောက်တော့ဘူးလို့ အဓိပ္ပာယ်ရပါတယ်။

e.g. I wish I **had** a new dress. ("wish" အနောက်မှာ V2 လိုက်တယ်)

(အင်္ကျီအသစ်တစ်ထည် ရှိရင်ကောင်းမှာပဲ။) ဆန္ဒပြုတောင်းတတဲ့သဘော။ လက်တွေ့အခြေအနေမှာ မဖြစ်နိုင်သေးဘူးလို့ ဆိုလိုပါတယ်။

### Simple Past Tense ပုံစံများ

| | |
|---|---|
| Positive form | I **played** football today. |
| Negative form | I **did not/ didn't** play football today. |
| Question form | **Did** you **play** football today? |

(Subject singular (အနည်း) (or) Subject plural (အများ) V2 ကိုသာသုံးသည်။

### Time expressions: အချိန်ညွှန်းကိန်းများ

**ago အကြာက (two years ago, one week ago… etc.)**

last လွန်ခဲ့သော (last three years, last week … etc.)

yesterday, today, just now, at specific time (အတိတ်ကာလအချိန်), …etc.

လေ့ကျင့်ခန်းများကို ဖြေဆိုပါ။

(1)Fill in the blanks with the **Simple Past Tense** of the verbs in brackets.

1. The train _____ (arrive) an hour ago.
2. I _____ (find) my pen yesterday.
3. I _____ (stay) with my grandparents for a year.
4. He _____ (hang) the picture on the wall an hour ago.
5. Ko Ko _____ (wear) a white shirt last Monday.
6. Mi Mi _____ (take) a bus to school for two years.
7. The police _____ (catch) the thief last week.
8. Maung Gyi _____ (meet) his old friends two days ago.
9. The wind _____ (blow) strongly last night.
10. Our grandpa _____ (tell) us a story two days ago.

### Past Continuous Tense (was, were + Ving)

အကြောင်းအရာကိစ္စတစ်ခုကို အတိတ်တစ်ချိန်ချိန်မှာ လုပ်ဆောင်နေတဲ့အကြောင်း ဖော်ပြရာတွင် Past Continuous Tense ကို သုံးရသည်။ **နေခဲ့တယ်** ဟု ဘာသာပြန်ရသည်။

Past continuous tense အသုံးပြုပုံ

(၁) အတိတ်တစ်ချိန်မှာ လုပ်ဆောင်နေဆဲ

e.g. I **was writing** at 7 o' clock last night.

(မနေ့ည ၇နာရီမှာ ကျွန်တော်စာရေးနေခဲ့တယ်။)

e.g. While Mi Mi **was reading**, her brother **was drawing** at 3 o' clock yesterday.

(မနေ့က ညနေ ၃ နာရီမှာ မိမိက စာဖတ်နေပြီး သူ့အစ်ကိုက ပုံဆွဲနေခဲ့တယ်။)

e.g. My mother **was sewing** all yesterday afternoon.

(မနေ့က ညနေခင်းတစ်ခင်းလုံး ကျွန်တော့်အမေ အင်္ကျီချုပ်နေခဲ့တယ်။)

(၂) ကိစ္စတစ်ခုဖြစ်ပျက်တဲ့အခါမှာ အခြားကိစ္စတစ်ခု ဖြစ်ပျက်နေဆဲ (ဒီလိုကိစ္စရပ်နှစ်ခုပါလာရင် **ဖြစ်ပျက်နေဆဲ**ကိစ္စရပ်ကို **Past Continuous Tense** နဲ့ ဖော်ပြရပြီး **ဖြစ်ပျက်သွားတဲ့**ကိစ္စရပ်ကို **Simple Past Tense** နဲ့ ဖော်ပြရမှာဖြစ်ပါတယ်။)

e.g. While Ko Min **was running**, he **fell** down.

(ကိုမင်းပြေးနေစဉ် ချော်လဲခဲ့တယ်။)

e.g. While I **was studying**, the light **went** out.

(ကျွန်တော် စာကျက်နေစဉ် မီးပျက်သွားခဲ့တယ်။)

e.g. While our family **was having** dinner, my friend Zaw Min **came** to us.

(ကျွန်တော်တို့မိသားစု ညစာစားနေစဉ် သူငယ်ချင်း ဇော်မင်း အိမ်ကိုလာခဲ့တယ်။)

Forms

| | |
|---|---|
| Positive form – | He **was playing** football at 4 o' clock in the afternoon.<br>They **were reading** in the library at 9 o' clock in the morning. |
| Negative form – | He **was not/ wasn't playing** football at 9 o'clock in the morning.<br>They **were not/ weren't reading** in the library at 2 o' clock in the afternoon. |
| Question form – | **Was** he **playing** football at 10 o'clock this morning?<br>**Were** they **reading** in the library at 9 o' clock this morning? |

လေ့ကျင့်ခန်းများဖြေဆိုပါ။

(1)Fill in the blanks with the **Past Continuous tense** of the verbs in brackets.

1. While I _____ (watch) the game, Thu Thu called me.
2. While he _____ (run) down the stairs, he fell.
3. While U Moe _____ (dig) in the garden, he saw a snake.
4. While we _____ (talk) to him, the bus came.
5. When I left my house, it _____ (rain).
6. When mother came in, I _____ (sleep).
7. When they entered the house, we _____ (have) dinner.
8. As they _____ (dress) up, the phone rang.
9. When she _____ (leave) the house, she heard a loud scream.
10. As Zaw Zaw _____ (rush) for the bus, someone called him.

**(2)Fill in the blanks with the Simple Past or Past Continuous tense of the verbs in brackets.**

1. As he _____ (fill) his pen, he ____(knock) the ink-pot over.
2. When he ___ (reach) the house, they ___ (quarrel) loudly.
3. His dog ___ (bite) him while he ___ (play) with it.
4. While she ___ (shop) yesterday afternoon, she ___ (lose) her handbag.
5. We ___ (play) games when Ko Gyi ___ (rush) into the room.
6. As we ___ (wave) goodbye, she ___ (break) into tears.
7. When I ___ (look) for my lost pen, I ___ (find) yours.
8. While Min Min ___ (play), his sister ___ (do) her homework.
9. When mother ___ (go) back home, we ___ (read).
10. While uncle ___ (go) for a swim, aunt ___ (shop).

(ဆက်လက်ဖော်ပြပါမည်)

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၇၄၃၂ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၄ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၄၃၂) ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၄)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၄၆) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၂၅,၄၂၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၀၄၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများကို နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၆) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၈၇၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများကို ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၉-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၂၆) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၃) ခု | (၁)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၀၀) ခု | (၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၇၀၃) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၅၉) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅,၈၂၁) ခု | (၂၈)ဦး |
| စုစုပေါင်း | (၇,၄၃၂) ခု | (၃၄)ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၉၁၇၆၅၈ | ၈၇၉၀၈၀၄၉ | ၁၀၅၄၄၂၂ |
| ၂။ | အိန္ဒိယ | ၄၃၉၇၉၇၃၀ | ၄၃၃၀၉၄၈၄ | ၅၂၆၂၅၈ |
| ၃။ | ဘရာဇီး | ၃၃၇၅၂၃၇၆ | ၃၂၂၃၈၀၅၇ | ၆၇၈၁၄၇ |
| ၄။ | ပြင်သစ် | ၃၃၇၄၁၂၅၁ | ၃၁၉၆၃၇၁၀ | ၁၅၁၈၉၄ |
| ၅။ | ဂျာမနီ | ၃၀၇၈၇၃၀၉ | ၂၈၈၃၃၃၀၀ | ၁၄၃၈၅၅ |
| ၆။ | ဗြိတိန် | ၂၃၃၀၄၄၇၉ | ၂၂၆၁၃၃၉၇ | ၁၈၃၉၅၃ |
| ၇။ | အီတလီ | ၂၀၈၉၈၀၅၉ | ၁၉၃၇၄၀၉၂ | ၁၇၁၆၃၈ |
| ၈။ | တောင်ကိုရီးယား | ၁၉၆၂၀၅၁၇ | ၁၈၄၉၉၅၈၁ | ၂၄၉၉၂ |
| ၉။ | ရုရှား | ၁၈၅၁၇၆၉၇၃ | ၁၇၉၆၃၁၃၃ | ၃၈၂၃၅၂ |
| ၁၀။ | တူကီယဲ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၇၇၆၄၈၄ | ၉၈၉၇၅၄၅ | ၄၃၀၉၃ |
| ၂။ | အင်ဒိုနီးရှား | ၆၁၉၇၄၉၅ | ၅၉၉၂၅၃၇ | ၁၅၆၉၇၀ |
| ၃။ | မလေးရှား | ၄၆၆၈၁၃၉ | ၄၅၈၄၉၀၇ | ၃၅၉၄၆ |
| ၄။ | ထိုင်း | ၄၅၈၆၅၅၀ | ၄၅၃၀၆၇၃ | ၃၁၃၃၀ |
| ၅။ | ဖိလစ်ပိုင် | ၃၇၆၈၄၇၄ | ၃၆၇၅၁၁၉ | ၆၀၇၁၈ |
| ၆။ | စင်ကာပူ | ၁၆၉၄၄၅၄ | ၁၅၉၁၀၃၀ | ၁၄၉၂ |
| ၇။ | မြန်မာ | ၆၁၄၀၄၃ | ၅၉၂၈၇၁ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၁၁၃၅ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၀၄၃၈၄ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၇၀၆ | ၁၃၃၄၆၉ | ၃၀၅၆ |

# ရွှေဘိုမြို့နယ်၌ တောင်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး မျိုးစေ့ချနည်းပညာသင်တန်းပေး

ရွှေဘို ဇူလိုင် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရှင်ယွန်းစံခန်းမတွင် ယနေ့နံနက် ၁၀ နာရီက တိုင်းဒေသကြီးအစီအစဉ်ဖြင့်ဆောင်ရွက်သည့် မိုးစပါး၊ မိုးနှမ်းနှင့် မိုးနေကြာစိုက်ပျိုးသည့် တောင်သူ ၂၀ အား ထောက်ပံ့ပစ္စည်းပေးအပ်ပြီး မျိုးစေ့ချကိရိယာဖြင့် မျိုးစေ့ချခြင်းနည်းပညာသင်တန်းပေးခဲ့သည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက တောင်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနည်းပညာနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးသည်။

**တက်ရောက်**

ဆက်လက်၍ ယခုနှစ်မိုးစပါးရာသီတွင် မျိုးစေ့နှုန်းထားလျှော့ချရန်အတွက်လည်းကောင်း၊ လယ်ယာလုပ်သားရှားပါးမှုကို ကျော်လွှားနိုင်ရန်အတွက်လည်းကောင်း၊ စပါးတစ်ဧကစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် လျှော့ချနိုင်ရန်အတွက်လည်းကောင်း ရည်ရွယ်၍ စပါးမျိုးစေ့တိုက်ရိုက်ချကိရိယာဖြင့် စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အေးမြသက်ထား



# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**ဒီမိုကရေစီဖော်ဆောင်ရာတွင် နိုင်ငံတော်အတွက် အရေးအကြီးဆုံးသောလုပ်ငန်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးပဲ ဖြစ်ပါသည်။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရေးသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့်အတွက် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို တပ်မတော်အား လွှဲပြောင်းပေးထားပြီး ဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဒီမိုကရေစီကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို လက်ကိုင်ထားပြီး တပ်မတော်နှင့်အတူ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ကျရောက်သော (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)

၁၂-၂-၂၀၂၁

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

**နေပြည်တော် ဇူလိုင် ၂၉**

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီးဖြစ်ပါသည်။

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ✳

## မြို့နယ်အချို့၌ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့်အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဇူလိုင် ၂၉**

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့်အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များကို မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံအသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂၈ ရက် မွန်းလွဲ ၃ နာရီခန့်တွင်

**စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ■



မြန်မာနှင့် သြစတြေးလျအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်

**ရန်ကုန် ဇူလိုင် ၂၉**

၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးနေ့ကို ယနေ့တွင် အင်ဒိုနီးရှားနိုင်ငံ ပလန်ဘမ်မြို့၌ကျင်းပရာ မြန်မာ ယူ-၁၈ အမျိုးသမီးအသင်း အုပ်စုဒုတိယဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

**အနိုင်ရရှိ**

အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီတွင် တစ်ချိန်တည်းယှဉ်ပြိုင်ကစားခဲ့ပြီး သြစတြေးလျအသင်းက မြန်မာအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ မလေးရှားအသင်းက ဖိလစ်ပိုင်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**စာမျက်နှာ ၁၇ ကော်လံ ၅ သို့** ○

**ယနေ့ ဖတ်စရာ**

ဖိလစ်ပိုင်နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ပထမဆုံးတွေ့ရှိ — စာမျက်နှာ - ၁၃

အစွန်းရောက် အကြမ်းဖက်သမားများ၏ ယုတ်မာကောက်ကျစ်မှုများ၊ အကြမ်းဖက်သတ်ဖြတ်မှုများနှင့် အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချကြောင်း တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိအောင် ရှင်းလင်းထုတ်ဖော် — စာမျက်နှာ - ၁၇

မော်လမြိုင်မြို့ တိုးချဲ့ကမ်းနားလမ်းရှိ သဲသောင်ပြင်နေရာတွင် ရာမညကစားကွင်း တည်ဆောက်သွားမည် — စာမျက်နှာ - ၁၈